# ဤကမ္ဘာလောကကြီးအတွက်
# ခရစ်တော်၏မစ်ရှင်



# ဤကမ္ဘာလောကကြီးအတွက်

# ခရစ်တော်၏မစ်ရှင်

www.maranathamedia-myanmar.com

December, 2021

fatheroflove.info

ခရစ်တော် ဘာကြောင့် ဒီကမ္ဘာမှာ ကြွဆင်းလာခဲ့တာလဲ။

ခရစ်တော် ဤလောကသို့ ကြွဆင်းလာရခြင်းမှာ နားမလည်နိုင်လောက်အောင် ကြီးမားသော သူ၏အကြင်နာ၊မေတ္တာ၊ ကရုဏာတော်ကြောင့်ဖြစ်သည်။ သူ မြင့်မြတ်သော နေရာမှဆင်းသက်၍ လူသားဖြစ်လာခဲ့ခြင်းက ကျွန်ုပ်တို့ကို အံ့အားသင့်စေပါသည်။ ဘုရားသခင်၏ သားတော်၊ ကောင်းကင်နိုင်ငံတော်၏ ရှင်ဘုရင်ဖြစ်သော သူသည် မိမိကိုယ်ကို နှိမ့်ချ၍ နွားစားခွက်ထဲတွင် အားနည်းသော ကလေးငယ်အဖြစ် မွေးဖွားခဲ့သည်။ ဤအချက်တစ်ခုတည်းပင်လျှင် လူ့ဇာတိပကတိ၊စိတ်သဘောများဖြစ်သော မာန်မာနနှင့် ကိုယ့်အလိုဆန္ဒများကို အောင်မြင်နိုမ်နှင်းရန် လုံလောက်၏။

မေးစရာရှိသည်မှာ ယေရှု ဘာကြောင့် ဒီကမ္ဘာပေါ် ကြွဆင်းလာခဲ့တာလဲ။ သူဝေငှလိုသော အဓိက မစ်ရှင်နဲ့ သတင်းစကားက ဘာလဲ။ ယေရှု ကားတိုင်တင် အသေမခံမှီ တောင်းခဲ့သော ဆုတောင်းချက်က သူ့ရည်ရွယ်ချက်နှင့် မစ်ရှင်အကြောင်းကို ရှင်းလင်းစွာ ပြောပြထားပါသည်။

> အကျွန်ုပ်သည် မြေကြီးပေါ်မှာ ကိုယ်တော်ကို ဘုန်းထင်ရှားစေပါပြီ။ အကျွန်ုပ်ဆောင်ရွက်စရာအဖို့ အကျွန်ုပ်၌ အပ်ပေးတော်မူသောအမှုကို အကျွန်ုပ်ဆောင်ရွက်၍ ပြီးပါပြီ။ ရှင်ယောဟန် ၁၇: ၄

ထိုကျမ်းချက်တွင် ပြီးစီးလုပ်ဆောင်ရန် ခမည်းတော်ဘုရား အပ်ပေးတော်မူခဲ့သော သူ့တာဝန်အကြောင်း ယေရှုပြောခဲ့သည်။ လုပ်ဆောင်ရမည့် တာဝန်မှာ ခမည်းတော်ဘုရားကို ဘုန်းထင်ရှားစေရန်ဖြစ်သည်။ ဘုရားသခင်ရဲ့ ဘုန်းတော်ဆိုတာ ဘာလဲ။ မောရှေက ထိုမေးခွန်းကို မေးသောအခါ ဘုရားသခင်က သူ၏ဘုန်းတော်ကို မောရှေအား ပြသပေးခဲ့သည်။

"ကိုယ်တော်၏ ဘုန်းတော်ကို အကျွန်ုပ်တို့အား ပြတော်မူပါ။ အကျွန်ုပ်တောင်း ပန်ပါ၏ဟု လျှောက်လျှင်၊ (ထွက်မြောက်ရာ ၃၃း ၁၈)

"ထာဝရဘုရားသည် မိုးတိမ်ဖြင့် ဆင်းသက်၍ ထိုအရပ်၌ မောရှေအနားမှာရပ် လျက်၊ ထာဝရဘုရား၏ နာမတော်ကို ကြွေးကြော်တော်မူ၏။ ထာဝရဘုရား သည် မောရှေရှေ့၌ ကြွသွားတော်မူလျက်၊ ထာဝရဘုရား၊ ထာဝရဘုရား၊ ချစ်သ နားခြင်း မေတ္တာကရုဏာနှင့် ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာ စောင့်ခြင်းနှင့် ကြွယ်ဝတော်မူထသော၊ အထောင်အသောင်းများသောသူတို့အား သနားခြင်း ကျေးဇူးတရားကို စောင့်တော်မူထသော၊ အဓမ္မကျင့်ခြင်း၊ တရား တော်ကို လွန်ကျူးခြင်း၊ ပြစ်မှားခြင်း အပြစ်တို့ကို ဖြေလွှတ်သော်လည်း၊ အ ချည်းအနှီးသက်သက် ဖြေလွှတ်တော်မမူထသော၊ သားစဉ်မြေးဆက်၊ တတိယ အဆက်၊ စတုတ္ထအဆက်တိုင်အောင်၊ အဘတို့၏အပြစ်ကို သားတို့၌ဆပ်ပေးစီ ရင်တော်မူသော ဘုရားသခင်ဟု ကြွေးကြော်တော်မူ၏။" (ထွက်မြောက်ရာ ၃၄း ၅-၇)

ဘုရားသခင် ဖွင့်ပြတော်မူခဲ့သောအရာသည် သူ၏စရိုက်၊ စာရိတ္တတော်ဖြစ်သည်။ ချစ်သနားခြင်းမေတ္တာကရုဏာနှင့် ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာ စောင့်ခြင်းနှင့် ကြွယ်ဝတော်မူထသောသူဖြစ်သည်။ ကျွန်ုပ်တို့ ခမည်းတော်ဘုရား၏ ဤအကြောင်းများ သိရသည်မှာ အဖိုးတန်လှပါသည်။ ထို့ကြောင့် ခရစ်တော်သည် ခမည်းတော်ဘုရား၏ စရိုက်၊ စာရိတ္တတော်ကို ထင်ရှားစေသူဖြစ်ကြောင်း ကျွန်ုပ်တို့ သိနိုင်သည်။ သူသည် ဘုရားသခင်၏ ချစ်သနားခြင်း မေတ္တာကရုဏာတော်၊ စိတ် ရှည်ခြင်း၊ ကောင်းမြတ်ခြင်းနှင့် သရုပ်မှန်ကို ပြသပေးခဲ့သည်။ သားစဉ်မြေးဆက်၊ တတိယဆက်၊ စတုတ္ထဆက်တိုင်အောင် အပြစ်ဆပ်ပေးသူဟု ဆိုရာတွင် ဘာကိုဆို လိုသနည်း။ ရှေးဦးစွာအနေဖြင့် ဆင်တူယိုးမှားတင်ပြချက်ဖြစ်သည့် ပညတ်တော် ၁၀ ပါးအကြောင်းကို လေ့လာရအောင်။

"အထက်မိုးကောင်းကင်၌လည်းကောင်း၊ အောက်အရပ် မြေကြီးပေါ်၌လည်းကောင်း၊ မြေကြီးအောက်ရေထဲ၌လည်းကောင်း ရှိသောအရာနှင့် ပုံသဏ္ဌာန်တူအောင်၊ ရုပ်တုဆင်းတုကို ကိုယ်အဖို့မလုပ်နှင့်။ ဦးမချဝတ်မပြုနှင့်။ အကြောင်းမူကား၊ သင်၏ဘုရားသခင် ငါထာဝရဘုရားသည်၊ သင်၌အပြစ်ရှိသည်ဟု ယုံလွယ်သောဘုရား၊ ငါ့ကိုမုန်းသောသူတို့၏ အမျိုးစဉ်ဆက်၊ တတိယအဆက်၊ စတုတ္ထအဆက်တိုင်အောင်၊ အဘတို့၏ အပြစ်ကို သားတို့၌ ဆပ်ပေးစီရင်သောဘုရား၊ ငါ့ကိုချစ်၍ ပါ့ပညတ်တို့ကိုကျင့်သောသူတို့၏ အမျိုးစဉ်ဆက်အထောင်အသောင်းတိုင်အောင်၊ ကရုဏာပြသော ဘုရားဖြစ်၏။" (ထွက်မြောက်ရာ ၂၀:၄-၆)

သမ္မာကျမ်းစာပြောပြသော ဘုရားသည် ကရုဏာတော်နှင့် ပြည့်စုံသော ဘုရားဖြစ်သည်။ စစ်မှန်သောဘုရားကို ကျောခိုင်းလျှက် ဂလဲ့စားချေတတ်သော ဘုရားကို ရွေးချယ်သောသူတို့သည် အဆုံးတွင် သူတို့မှားယွင်းစွာ ယုံကြည်သောအရာကို ကြုံတွေ့ရမည်ဖြစ်သည်။ ဘုရားသခင် သူတို့ကို ဒဏ်ခတ်သောကြောင့် မဟုတ်ဘဲ၊ ဘုရားသခင်ထံမှ ထွက်သွားသူများ၊ သူ၏ကွယ်ကာရာမှ ထွက်သွားသော သူများသည် ဖျက်ဆီးသူ စာတန်၏ လက်ထဲတွင် မိမိကိုယ်မိမိ နေရာချထားသောကြောင့်ဖြစ်ပါသည်။

"သူတို့၏ ရှင်ဘုရင်မူကား၊ ဟေဗြဲဘာသာအားဖြင့် အဗဒ္ဒုန်ဟူ၍လည်းကောင်း၊ ဟေလသဘာသာအားဖြင့် အပေါလျုန်ဟူ၍လည်းကောင်း ခေါ်ဝေါ်သော အနက်ဆုံးသောတွင်းတမန်ဖြစ်၏။ (ဗျာဒိတ် ၈း ၁၁)

"ထိုသူအချို့တို့သည် စုံစမ်းနှောက်ယှက်ခြင်းကိုပြု၍၊ မြွေဖြင့် ပျက်စီးသကဲ့သို့ ငါတို့သည်မပြု။ ခရစ်တော်ကို မစုံစမ်းမနှောင့်ယှက်ဘဲ နေကြကုန်အံ့။ ထိုသူအ

ချို့တို့သည် မြည်တမ်းခြင်းကိုပြု၍၊ ဖျက်ဆီးသောသူ၏ လက်ဖြင့် ပျက်စီးသကဲ့သို့မဟုတ်၊ မြည်တမ်းခြင်းကို မပြုကြနှင့်။ (၁ကော ၁၀: ၉-၁၀)

စာတန်သည် ဖျက်ဆီးသောသူဖြစ်၍ ခရစ်တော်သည် ပြန်လည်မွမ်းမံပြုပြင်သောသူဖြစ်သည်။ (RH Nov 26, 1895)

ဘုရားသခင်က သူ၏သားသမီးများကို ကြည့်ရှုစောင့်ရှောက်ရန် ကောင်းကင်တမန်များကို စေလွှတ်ခန့်ထားပါသည်။ နှစ်ပေါင်းများစွာ ဘုရားသခင်၏ ဝိညာဉ်တော်အားဖြင့် အနူးညွတ်မေတ္တာရပ်ခံမှုများကို ငြင်းပယ်၍ စစ်မှန်သောဘုရားကို ကျောခိုင်းသူများသည် အဆုံးတွင် သူတို့ရွေးချယ်မှုအတိုင်း ကျန်ရစ်ခဲ့မည်ဖြစ်သည်။ ထိုသဘောတရားသည် မေရှိယကို နိုင်ငံတော်က ငြင်းပယ်ခဲ့ပြီးနောက် ယေရုရှလင်မြို့ပျက်စီးချိန်တွင် ဣသရေလတို့ ကြုံတွေ့ခဲ့ရသော အရာဖြစ်သည်။

"အိုယေရုရှလင်မြို့ ယေရုရှလင်မြို့ သင်သည်ပရောဖက်တို့ကို သတ်မြဲရှိ၏။ သင်ရှိရာသို့ စေလွှတ်သော သူတို့ကိုလည်း ကျောက်ခဲနှင့် ပစ်မြဲရှိ၏။ ကြက်မသည် မိမိသားငယ်တို့ကို အတောင်အောက်၌ စုရုံးသကဲ့သို့ သင်၏ သားတို့ကို စုရုံးစေခြင်းငှာ ကြိမ်ဖန်များစွာ ငါအလိုရှိပြီ။ သင်မူကား အလိုမရှိ။ သင်တို့နေသော အိမ်သည် သင်တို့၌ လူဆိတ်ညံလျက် ကျန်ရစ်ရ၏။ (ရှင်မဿဲ ၂၃း ၃၇-၃၈)

## ဘုရားသခင်၏ တရားစီရင်ခြင်းသည် သူထံမှ တိုက်ရိုက်မလာ

ဣသရေလတို့၏ တိုင်းပြည်ကို ဘုရားသခင်ကိုယ်တိုင် လူဆိတ်ညံရာဖြစ်အောင် မလုပ်ခဲ့ပါ။ သူထားရစ်ခဲ့သဖြင့် ဖျက်ဆီးသူ၏ လက်ထဲတွင် ဣသရေလတိုင်းပြည် လူဆိတ်ညံရာ အရပ် ဖြစ်သွားတော့သည်။

"ယုဒလူမျိုးတို့သည် မိမိခြေကို မိမိချုပ်နှောင်ထားကြသည်။ သူတို့သည် အငြိုးထားသည့် စိတ်များဖြင့် မိမိတို့ကိုယ်ကို ပြည့်နှက်စေကြသည်။ တစ်နိုင်ငံလုံးအတိုင်းတာဖြင့် ကြုံတွေ့ရသော ပျက်စီးခြင်း၊ သူတို့ကို ကွဲလွင့်စေသော ဘေးဒုက္ခအားလုံးတို့သည် သူတို့ကိုယ်တိုင် မိမိတို့လက်ဖြင့် စိုက်ခဲ့သည့်အတိုင်း ပြန်ရိတ်သိမ်းရခြင်းသာဖြစ်သည်။ ပရောဖက်က ပြောထားသည်မှာ "အိုဣသရေလ၊ သင်သည် (မိမိကိုယ်မိမိ) ပျက်ပြားလေပြီ။" "ကိုယ့်ဒုစရိုက် ခလုတ်ကို တိုက်လဲသော ဣသရေလ" (ဟောရှေ ၁၃း ၉, ၁၄း ၁၊ KJV ဖတ်ကြည့်ပါ) သူတို့ ခံစားရသော ဝေဒနာများသည် ဘုရားသခင်ထံမှ တိုက်ရိုက်လာသော ပြစ်ဒဏ်စီရင်ချက်များကဲ့သို့ မကြာခဏ ဖော်ပြခံရသည်။ မဟာလိမ်လှည့်သူသည် ထို့အတွက်ကြောင့်ပင် သူ၏လုပ်ရပ်ကို မထင်ရှားအောင် ကွယ်ဝှက်ထားလိုခြင်းဖြစ်သည်။ **ဘုရား၏ မေတ္တာတော်နှင့် ကရုဏာတော်ကို စိတ်နှလုံးမာကြောကာ ငြင်းပယ်ခြင်းအားဖြင့် ဘုရားသခင်၏ ကာကွယ်မှုကို သူတို့ထံမှ ရုတ်သိမ်းသွားရလေအောင် ယုဒလူမျိုးများက ပြုခဲ့ကြသည်။ ထို့ကြောင့် သူတို့အပေါ် စိတ်တိုင်းကျ အုပ်ချုပ်ခွင့်ကို စာတန် ရရှိသွားလေသည်။** ယေရုရှလင် ပျက်စီးခြင်းတွင် တွေ့ရသော ကြောက်စရာကောင်းသော အကြင်နာမဲ့ရက်စက်မှုများသည် သူ့လက်အောက်တွင် အရှုံးပေးကြသောသူများအပေါ် သူလုပ်နိုင်သော အစွမ်းတန်ခိုးအကြောင်း ထင်ရှားပြသမှုပင်ဖြစ်သည်။" (GC 35. 3)

ဤအရာသည် သူ့ကို မုန်းသောသူများအပေါ် အဖတို့၏ အပြစ်များကို သားမြေးစဉ်ဆက် တတိယမှ စတုတ္ထမျိုးဆက်အထိ ဆပ်သောဘုရားဟု ပြောရာတွင် ကျမ်းစာပြောလိုသော အရာပင်ဖြစ်သည်။ ဆပ်ပေးသည်ဟူသော အသုံးနှုန်းသည် ဟေဗြဲဘာသာအရ ကြီးကြပ်သည်၊ ဂရုစိုက်ပေးသည်၊ မှတ်မိသည် စသည်ဖြင့် အဓိပ္ပာယ်ရှိပါသည်။ ကောင်းကင်ဘုံတွင်ရှိနေသော ကျွန်ုပ်တို့၏ ဘုရားသခင်သည် လူတစ်ဦးချင်းအပေါ် ဆုံးဖြတ်ပိုင်ခွင့် ပေးထားသည်။ စိတ်နှလုံးပြောင်းလဲလာရန် မည်သူကိုမျှ အ

တင်းအကျပ်မပြုခဲ့ပေ။ သူတို့စိုက်ခဲ့သော အသီးအတိုင်း ရိုက်သိမ်းရလေအောင် ဘုရားသခင် ကြီးကြပ်စီမံနေတော်မူ၏။ သမ္မာကျမ်းစာက ဤသို့ဖော်ပြထားသည်။

> "အလွဲမယူကြနှင့်။ ဘုရားသခင်သည် မထီမဲ့မြင်ပြုခြင်းကို ခံတော်မမူ။ လူသည် မျိုးစေ့ကြဲသည်အတိုင်း အသီးအနှံကို ရိတ်ရလိမ့်မည်။ မိမိဇာတိပကတိ၌ မျိုးစေ့ကြဲသောသူသည် ဇာတိပကတိအားဖြင့် ပုပ်ပျက်ခြင်း အသီးအနှံကို ရိတ်ရလိမ့်မည်။ ဝိညာဉ်ပကတိ၌ မျိုးစေ့ကြဲသောသူသည် ဝိညာဉ်ပကတိအားဖြင့် ထာဝရအသက်ရှင်ခြင်း အသီးအနှံကို ရိတ်ရလိမ့်မည်။" ဂလာတိ ၆း ၇-၈

လူတစ်ယောက် စိုက်ပျိုးသော ဝိညာဉ်ရေးရာ အသီးသည် ထာဝရအသက် (သို့) သေဆုံးခြင်း အသီးကို သီးလိမ့်မည်။ ဘုရားသခင်သည် လူသားတိုင်းကို မိမိတို့ရွေးချယ်ရာ အသီးကို စိုက်ပျိုးခွင့်ပေးကာ စောင့်ကြည့်နေသည်။ တစ်ခုတည်းသော တရားမျှတသော နည်းလမ်းဖြစ်ပါသည်။ ထိုသို့ ခွင့်ပြုခြင်းသည် ခမည်းတော်ဘုရားအတွက် အလွန်နာကျင်ခံစားရသော်လည်း သူသည် စိတ်ရှည်သည်းခံ၍ လူတိုင်း၌ လွတ်လပ်စွာ ရွေးချယ်ခွင့် ရရှိနိုင်ရန် ထိုသို့ ခွင့်ပြုရခြင်းဖြစ်သည်။

> "ဘုရားသခင်၏ တရားစီရင်ခြင်းသည် ဘုရားသခင်ထံမှ သူတို့အပေါ်သို့ တိုက်ရိုက် ကျရောက်လာမည်မဟုတ်သည်ကို ကျွန်မအား ပြသခဲ့ပါသည်။ ဘုရားသခင်၏ တရားစီရင်ခြင်း ကျရောက်ပုံမှာ သူတို့သည် ဘုရားသခင်၏ ကွယ်ကာမှု အပြင်ဘက်သို့ မိမိကိုယ်မိမိ ထားရှိသောကြောင့်ဖြစ်သည်။ ဘုရားသခင်က သတိပေးခြင်း၊ အမှားပြုပြင်ခြင်း၊ ဆုံးမသွန်သင်ခြင်း၊ လုံခြုံသော လမ်းသို့ညွှန်ပြခြင်းများ ပြုနေပါသည်။ ဘုရားသခင်၏ အထူးကွယ်ကာမှုခံရသော သူများသည် အကြိမ်ကြိမ် သတိပေးချက်များကို ဂရုမထားဘဲ မိမိတို့ကိုယ်ပိုင် လမ်းစဉ်ကို ရွေးချယ်သွားမည်ဆိုလျှင် ဘုရားသခင်သည် သူတို့အပေါ် စာတန်၏

ရည်ရွယ်တိုက်ခိုက်မှုများမှ ကာကွယ်ရန် သူ၏ ကောင်းကင်တမန်များကို မစေ ခိုင်းတော့ချေ။” (14MR 3)

အယ်လင်ဝိုက်၏ ဤရေးသားချက်သည် နည်းစနစ်၊ နည်းဥပဒေသမဟုတ်ဘဲ အထူး အဖြစ်ပျက် တစ်ခုအတွက်  ကြိုတင်ရေးသားချက်သာဖြစ်သည်ဟု   ငြင်းဆိုသူများ လည်းရှိသည်။ ဤစာပိုဒ်မတိုင်မီ အရင်စာအပိုဒ်နှစ်ခုကို သူမဤသို့ ရေးထားသည်။

“ကျွန်မကို ပြသခဲ့သည့်အရာမှာ မကြာမီအချိန်တွင် ဘုရားသခင် အလင်းပေး လျှက် ဆုံးမသွန်သင်ကာ သတိပေးခြင်းခံရလျှက်နှင့် သူတို့အပြုအမူကို ပြုပြင် ခြင်းမရှိ အလင်းသို့ မလိုက်လျှောက်သူများကို စာတန်၏ ရက်စက်ကြမ်းကြုတ် သော အစွမ်းတန်ခိုးမှ ကာကွယ်ရန်ထားထားသည့်  ကောင်းကင်မှလာသော အ ကာအကွယ်ပေးမှုကို  ရုတ်သိမ်းလိမ့်မည်။  သူတို့သည်  မိမိတို့ စိတ်သဘောအ တိုင်း  ဆုံးဖြတ်ဆင်ခြင်နိုင်စေရန် သူတို့ကို  ထားရစ်ခဲ့လိမ့်မည်။  သူတို့ သဘော အတိုင်း ထားရှိခံရလိမ့်မည်။  ဘုရားသခင်၏ ကာကွယ်ပေးမှုကို ရုတ်သိမ်းသွား သောကြောင့် စာတန်ထံမှ သူတို့ကို  အကာအကွယ်ပေးမည့်သူမရှိ ဖြစ်သွားကြ လိမ့်မည်။ အကန့်အသတ်ရှိသော မည်သည့် အသိအမြင်၊ ညဏ်ပညာကမျှ  ဘု ရားသခင်၏ ကောင်းကင်တမန်များအားဖြင့် သူ့သားသမီးများ ခရီသွားသောအ ခါ၊ အိမ်မှာနေသောအခါ၊ စားသောအခါ၊ သောက်သောအခါ ဂရုတစိုက် ကြည့်ရှု စောင့်ရှောက်ပေးမှုများကို သိမြင်နိုင်သော အစွမ်းမရှိချေ။ ဘုရားသခင်၏ သား သမီးများ   မည်သည့်အနေရာတွင်   ရှိနေသည်ဖြစ်စေ   ဘုရားသခင်   သူတို့ကို ကြည့်ရှု့စောင့်ရှောက်နေပါသည်။   သူတို့ မမြင်နိုင်သော   အထောင်အသောင်း သော  ဘေးအန္တရယ်များမှ ဘုရားသခင် ကာကွယ်ပေးတော်မူ၏။  စာတန်သည် ထိမိလဲကျသွားစေရန် ထောင်ချောက်များဆင်နေသော်လည်း ထိုထောင်ချောက် များမှ ဘုရားသခင် အမြဲတစေ ကယ်တင်ပေးနေတော်မူသည်။ (14MR 2.3)

ဤနည်းစနစ်၊ သဘောတရား၊ နည်းဥပဒေသသည် ပညတ်တော်၁၀ပါးတွင် ဘုရားသခင် ဖော်ပြသော နည်းစနစ်ပင်ဖြစ်သည်။ ယေရှုက ယုဒခေါင်းဆောင်များထံတွင် သူတို့အိမ်သည် လူဆိတ်ညံလျှက်ရှိလိမ့်မည်ဟု ပြောသောအချက်က ဖော်ပြသွားသော သဘောတရားလည်းဖြစ်သည်။ ဤနည်းစနစ်၊ သဘောတရားသည် အရာရာနှင့် သက်ဆိုင်သော သဘောတရား၊ နည်းစနစ်ဖြစ်ကြောင်း သူ့ကိုငြင်းပယ်သော နိုင်ငံများအကြောင်းနဲ့ ဆက်စပ်၍ ထပ်မံရေးသားချက်ရှိပါသည်။

"ဘုရားသခင်သည် တိုင်းနိုင်ငံများကို စောင့်ကြည့်နေပါသည်။ သူမသိဘဲ မြေပေါ်ကျသွားသော စာကလေးတစ်ကောင်မျှ မရှိပါ။ ဘုရားသခင် မသိပါဘူးဟု ဆိုကာ မိမိလူသားချင်းအပေါ် မကောင်းမှုပြုသူများသည် တစ်နေ့တွင် ကြာရှေစွာ ရွေ့ဆိုင်းထားသော ဂလဲ့စားချေလက်တုန့်ပြန် ခံရဖို့ရာ အခေါ် ခံရလိမ့်မည်။ ယနေ့ခေတ်တွင် ဘုရားသခင်အပေါ် ပမာမထားမှု များစွာတွေ့နေရသည်။ လူသားများသည် မောက်မာထောင်လွှား၍ မနာခံတတ်သော အခြေနေရောက်နေပြီဖြစ်သည်။ သူတို့အပြစ်များစုပုံရာ ခွက်သည်လည်း ပြည့်လုနီးနေပြီဖြစ်သည်။ များစွာသော လူတို့သည် ကရုဏာတော် အကန့်သတ်ကို ကျော်လုနီးနေပြီဖြစ်သည်။ များမကြာမီတွင် ဘုရားသခင်က သူသည် အသက်ရှင်သော ဘုရားဖြစ်ကြောင်း ပြသလိမ့်မည်။ ကောင်းကင်တမန်များထံ "ဖျက်ဆီးချင်နေသော မာရ်နတ်ကို မဆီးတားတော့နှင့်။ သူ၏ဆိုးသွမ်းမှုကို နားမထောင်သော သားသမီးများအပေါ် ဆောင်ရွက်ပါစေ။ သူတို့၏ အပြစ်စုပုံရာခွက်သည် ပြည့်လျက်ရှိပြီ။ သူတို့၏ ဆိုးယုတ်မှု တစ်ဆင့်မှ တစ်ဆင့် တိုးပွားနေ၏။ သူတို့၏ ဘုရားတရားမရှိ မှု တိုးပွားနေ၏။ ဖျက်ဆီးသောသူ၏ ဘေးရန်မှ သူတို့ကို ကြားဝင်၊ အကာအကွယ်ပေးရန် ငါဝင်မပါတော့"ဟု သူပြောလိမ့်မည်။" (RH, Sep 17, 1901 par. 8)

ထို့ကြောင့် အယ်လင်ဝှိုက်အနေဖြင့် များမကြာမီအချိန်တွင် ဖြစ်ပျက်မည့်အရာအကြောင်း ရေးသားရာတွင် ယုံကြည်ကိုးကွယ်မှုကို စွန့်ပစ်သူများအပေါ် ဘုရားသခင်၏ ကိုင်တွယ်ဖြေရှင်းနည်းစနစ်၊ သဘောတရားတစ်ခု ဖြစ်ပေါ်လာတော့မည့် အကြောင်းကို ညွှန်ပြနေခဲ့ခြင်းသာဖြစ်သည်။ တစ်ကြိမ်တစ်ခါ ဖြစ်ပေါ်၍ အသုံးမဝင်တော့မည့် အရာမဟုတ်ပါ။ ဘုရားသခင်၏ ကောင်းကင်တမန်များအကြောင်းလည်း ပါသည်ဖြစ်၍ စကြာဝဠာတစ်ခုလုံးနဲ့ဆိုင်သော ရေးသားချက်များဖြစ်ပါသည်။

> "**ကောင်းကင်တမန်များသည် ဖျက်ဆီးရန်မဟုတ်၊** ဘေးအန္တရာယ်ကြုံတွေ့နေရသော ဝိညာဉ်များကို ကြည့်ရှုစောင့်ရှောက်၊ ကာကွယ်ပေးရန်၊ ပျောက်ဆုံးနေသူများကို ကယ်တင်ရန်၊ လမ်းမှားနေသူများကို ယုံကြည်သူမိသားစု အသိုင်းဝိုင်းထံ ပြန်လည်ခေါ်ဆောင်ရန် ကောင်းကင်မှစေ လွှတ်ခြင်းခံရသူများဖြစ်သည်။" (RH, May 10, 1906)
>
> ကောင်းကင်တမန်များသည် ဤကမ္ဘာပေါ်တွင် ဖျက်ဆီးရန်၊ လူသားများကို ပြစ်တင်ရှုံ့ချရန်၊ အုပ်ချုပ်ရန်၊ ဂုဏ်ပြုလေးစားခြင်း ခံယူရန် လာသည်မဟုတ်ပါ။ ကောင်းကင်တမန်များသည် ကိုယ်တော့်ဘက်တော်သားများ၏ ခေါင်းဆောင်နှင့်အတူ ပူးပေါင်း၍ ကရုဏာတော်အကြောင်း သတင်းပေးပို့ ဝေငှသူများသာဖြစ်ကြသည်။ သူတို့သည် လူသားများနှင့် ပူးပေါင်းလုပ်ကိုင်လျက် ပျောက်ဆုံးသောသိုးများကို ရှာဖွေကယ်တင်ရန်ဖြစ်သည်။ ကောင်းကင်တမန်များသည် ဘုရားကို ချစ်ကြောက်ရိုသေသူများအနားတွင် တပ်ချစောင့်ရှောက်ရန် ခိုင်းစေခံရသူများဖြစ်သည်။ (ST Nov 20, 1893, par. 3)

ကောင်းကင်တမန်များကို တိုက်ခိုက်ဖျက်ဆီးရန် ဘုရားသခင် မစေလွှတ်ခဲ့သည့်အတွက် ဂုဏ်တော်ကို ချီးမွမ်းမိပါသည်။ ဘုရားသခင်သည် ဖျက်ဆီးသူမဟုတ် ပြန်လည်ပြုပြင်ပျိုးထောင်သူ ဖြစ်ပါသည်။

## အာဏာရှင်မဟုတ်သော ဘုရားသခင်

လူတိုင်း လွတ်လပ်စွာရွေးချယ်ခွင့်ရှိ၍ သူတို့ရွေးချယ်မှုအတိုင်း အသီးအပွင့် ခံစားနိုင်ရန်အလို့ငှာ ဘုရားသခင်သည် မည်သူ့ကိုမျှ မည်သည့်အချိန်တွင်မျှ အတင်းအကျပ် မပြုပေ။ ဤအမှန်တရားကို သမ္မာကျမ်းစာတွင်ဖြစ်စေ ဝိညာဉ်တော်စာစောင်တွင်ဖြစ်စေ ရှင်းလင်းစွာ ဖော်ပြထားပါသည်။

"အကျွန်ုပ်အသက်သည် ကိုယ်လက်၌ အစဉ်ရှိပါ၏။ သို့သော်လည်း၊ တရားတော်ကို မမေ့မလျော့ပါ။" (ဆာလံ ၁၁၉း ၁၀၉)

"သို့မဟုတ်၊ ထာဝရဘုရားအား ဝတ်မပြုကောင်းဟု သင်တို့ထင်လျှင်၊ မြစ်ကြီးတစ်ဖက်၌ ဘိုးဘေးတို့ဝတ်ပြုသောဘုရား၊ သင်တို့နေရာ အာမောရိပြည်သားတို့၏ ဘုရားများတွင်၊ **အဘယ်မည်သော ဘုရားတို့အားဝတ်ပြုမည်အရာကို ယနေ့ ရွေးကြလော့။** ငါနှင့်ငါ့အိမ်သားဖြစ်လျှင် ထာဝရဘုရားကိုသာ ဝတ်ပြုမည်ဟု ဆိုလေသော်၊ (ယောရှု ၂၄း ၁၅)

လူတစ်ဦးသည် မလိုက်လျှောက်လိုလျှင် အသတ်ခံရမည်ဟု ခြိမ်းခြောက်ခံရမည်ဆိုပါက ထိုနေရာတွင် လွတ်လွပ်စွာရွေးချယ်ခွင့် မရှိပေ။ သူ့နောက်တော်သို့ မလိုက်လျှောက်လိုသူအားလုံးကို မီးရှို့ဖျက်ဆီးရန် ဘုရားသခင် ခြိမ်းခြောက်မည်ဆိုလျှင် သူတို့အတွက် လွတ်လပ်စွာရွေးချယ်ခွင့် ပေးခြင်းမမည်ပေ။ သူ့ကို ရွေးချယ်ရန် အတင်းအကျပ်ပြုရာ ကျနေပေလိမ့်မည်။ သို့သော်လည်း ဘုရားသခင့် နိုင်ငံတော်သည် ထိုသို့အလုပ်မလုပ်ပါ။

"အာဏာဖြင့် အတင်းအကျပ်ပြုခြင်းသည် ဘုရားသခင်၏ အုပ်ချုပ်မှုနှင့် ဆန့်ကျင်ဘက်ဖြစ်နေပါသည်။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာမှလာသော လုပ်

ဆောင်ချက်ကိုသာ နှစ်သက်တော်မူ၏။ ချစ်ခြင်းမေတ္တာသည်လည်း အတင်းတောင်းဆို၍ ရသောအရာမဟုတ်ပေ။ အတင်းအကျပ်ပြုခြင်း၊ အမိန့်အာဏာတို့က ချစ်ခြင်းမေတ္တာကို မသိမ်းပိုက်နိုင်။ ချစ်ခြင်းမေတ္တာကသာ ချစ်ခြင်းမေတ္တာကို နှိုးဆွပေးနိုင်၏။ ဘုရားသခင်ကို သိကျွမ်းခြင်းသည် သူ့ကိုချစ်ခြင်းပင်ဖြစ်သည်။ သူ၏အကျင့်စာရိတ္တသည် စာတန်၏ စရိုက်လက္ခဏာနှင့် လုံးလုံးကွဲပြားဆန့်ကျင်နေရမည်ဖြစ်သည်။" (DA 22)

"ဆန့်ကျင်ပုန်ကန်မှုကို အင်အားသုံး၍ အနိုင်ယူရန် မဟုတ်ချေ။ အာဏာဖြင့် အနိုင်အထက်ပြုခြင်းကို စာတန်၏ အုပ်ချုပ်မှုတွင်သာ တွေ့နိုင်သည်။ ကိုယ်တော်၏ နည်းစနစ်သည် ထိုသို့မဟုတ်ပါ။ ကိုယ်တော်၏ အခွင့်အာဏာသည် ကောင်းမြတ်ခြင်း၊ ကရုဏာထားရှိခြင်း၊ ချစ်ခြင်းမေတ္တာတို့အပေါ်တွင် အခြေပြုထားပါသည်။ ထိုသို့သော နည်းစနစ်များသည် ကျွန်ုပ်တို့အသုံးပြုရမည့် နည်းစနစ်များဖြစ်သည်။ ဘုရားသခင်၏ အုပ်ချုပ်မှုသည် သမာသမတ်ရှိပြီး၊ စွမ်းအားကြီးသော လုပ်ပိုင်ခွင့်အာဏာသည် အမှန်တရားနှင့် ချစ်ခြင်းမေတ္တာ အတွက်သာဖြစ်သည်။" (DA 759. 1)

"အာဏာဖြင့် အတင်းအကျပ်ပြုခြင်းသည် မှားယွင်းသော ဘာသာတရား၏ နောက်ဆုံးလက်နက်ဖြစ်သည်။" (ST May 6, 1897)

ချစ်ခြင်းမေတ္တာကို အတင်းတောင်းဆို၍ မရပါ။ သမ္မာကျမ်းစာထဲတွင် စစ်မှန်သော ချစ်ခြင်းမေတ္တာ၌ ကြောက်ရွံ့မှုမရှိဟု ဖော်ပြထားပါသည်။ အကယ်၍ ဘုရားသခင်က လူသားများကို ကြောက်ရွံ့မှုစိတ်ဖြင့် ခြိမ်းခြောက်မည်ဆိုလျှင် လူသားများကို ကြောက်ရွံ့မှုမှ ကယ်လွှတ်နိုင်တော့မည်မဟုတ်ပါ။

**ခရစ်တော်၏ သာသနာတော် (မစ်ရှင်)**

အထက်ကဖော်ပြခဲ့သော အတွေးစများအပြင်၊ ဝိညာဉ်တော်စာစောင်မှ ထုတ်နုတ်ထားသော ဤကမ္ဘာကြီးအတွက် ခရစ်တော်၏ မစ်ရှင်အကြောင်း ရှင်းလင်းစွာ ဖော်ပြထားသော ကိုးကားချက်အချို့ကို ကျွန်တော်တင်ပြလိုပါသည်။ ခရစ်တော် ပြောခဲ့သလိုပင် သူ၏မစ်ရှင်သည် ခမည်းတော်ဘုရား၏ ဘုန်းတော်(သို့) စရိုက်လက္ခဏာကို ထင်ရှားစေရန်ဖြစ်သည်။ ရှင်ယောဟန် ၁၇း ၆တွင် ဖော်ပြထားသည်မှာ -

> “ဤလောကထဲမှယူ၍ အကျွန်ုပ်၌အပ်ပေးတော်မူသော သူတို့အား အကျွန်ုပ်သည် ကိုယ်တော်၏ နာမကိုပြပါပြီ။ ထိုသူတို့ကို ကိုယ်တော်သည် ပိုင်တော်မူသဖြင့် အကျွန်ုပ်အားပေးတော်မူ၏။ ကိုယ်တော်၏ နှုတ်ကပတ်တရားကို သူတို့သည် စောင့်ကြပါ၏။ ”

ထွက်မြောက်ရာ ၃၄း ၅ တွင်ဖော်ပြထားသကဲ့သို့ ဘုရားသခင်သည် သူ၏နာမကို မောရှေထံ ပြောပြခဲ့ပါသည်။ အထက်က ကျမ်းပိုဒ်ထဲတွင် ခရစ်တော်သည် ခမည်းတော်ဘုရား၏ နာမတော်ကို ပြောပြရုံသာမဟုတ်ဘဲ ထင်ရှားအောင် ပြသခဲ့သည်။ ဆိုလိုသည်မှာ ခရစ်တော်က ခမည်းတော်ဘုရားကို ဖိလိပ္ပုထံ ပြောခဲ့သကဲ့သို့ ကျွန်ုပ်တို့ထံ ပြသခဲ့ပါသည်။

> “ယေရှုက ဖိလိပ္ပု၊ ဤမျှကာလပတ်လုံး ငါသည် သင်တို့နှင့်အတူရှိပြီးမှ သင်သည် ငါ့ကို မသိသေးသလော။ ငါ့ကိုမြင်သောသူသည် ခမည်းတော်ကို မြင်၏။ သို့ဖြစ်လျှင်၊ ခမည်းတော်ကို အကျွန်ုပ်တို့အား ပြတော်မူပါဟု သင်သည် အဘယ်သို့ဆိုရသနည်း။ (ရှင်ယောဟန် ၁၄း ၉)

ဤလောကအတွက် ခရစ်တော်၏ မစ်ရှင်သည် မည်သည့်အရာဖြစ်ကြောင်း သိရှိနိုင်ရန် အောက်တွင်ဖော်ပြထားသော ကိုးကားချက်ကို ဂရုတစိုက်ဖတ်ရန် တောင်းဆိုချင်ပါသည်။

ခရစ်ဝင်ကျမ်းများထဲတွင် ဖော်ပြထားသော ဘုန်းတော်၊ ချစ်ခြင်းမေတ္တာတော်နှင့် ပြည့်ဝစုံလင်ခြင်းတို့သည် ဘုရားသခင်၏ စရိုက်လက္ခဏာတော်အကြောင်း ဖော်ပြချက်များဖြစ်သည်။ ခရစ်တော်၏ အသက်တာထဲတွင် ကျွန်ုပ်တို့မြင်တွေ့ခဲ့ရသော တရားမျှတမှု၊ ကောင်းမြတ်မှု၊ ကျေးဇူးပြုလိုသော စေတနာစိတ်ထားတို့သည် သတင်းကောင်းကို ယုံကြည်လက်ခံသူများ၏ အသက်တာထဲတွင် ပြန်လည်ကျင့်သုံးရန်ဖြစ်သည်။ နှုတ်ကပတ်တော်ကို လေ့လာ၊ သင်ယူခြင်းအားဖြင့် ဘုရားသခင်ကို သူဖြစ်သည်အတိုင်း သိ၍၊ ဘုရားဇာတိဖြင့် ပြည့်ဝစုံလင်နေသည့် နှစ်လိုဖွယ်ကောင်းသော သဏ္ဌာန်တော်ကို ကျွန်ုပ်တို့အထဲတွင် ပျိုးထောင်ကြီးထွားစေရမည်ဖြစ်သည်။ **သတင်းကောင်းတရားတော်သည် ကိုယ်တော်၏ ဘုန်းတော်ဂုဏ်တော်ကို အပြည့်အဝဖော်ပြနေကြောင်း ကျွန်တော်တို့ နားလည်ရမည်ဖြစ်သည်။** ထိုတရားတော်သည် ပြောင်းလဲသွားသော ဝိညာဉ်အတွက် ဘုရားသခင်၏ အကျင့်စရိုက်ကို ဖော်ပြနေသော "မှန်" ဖြစ်သည်။ ဘုရားသခင်၏ သဏ္ဌာန်တော်ကို သားတော်၏ ပြီးပြည့်စုံသော အသက်တာထဲတွင် ဖော်ပြထားပါသည်။ ဘုရားသခင်၏ ပုံသဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းခြင်း ဆိုသည့်အချက်ကို နားလည်သဘောပေါက်စေရန်အတွက်လည်းဖြစ်သည်။ ထိုသို့ ခရစ်တော်၏ အသက်တာကို အမြဲမပြတ် မျှော်ကြည့်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ အသက်တာသည် "ဘုန်းတော်တစ်ခုမှ နောက်ဘုန်းတော်တစ်ခုဆီသို့" တိုးတက်ပြောင်းလဲလာမည်ဖြစ်သည်။" (ST Feb 24, 1909, par. 3)

သတင်းကောင်းအကြောင်းကို သမ္မာကျမ်းစာ၏ ပထမလေးအုပ်ထဲတွင် တွေ့နိုင်ပါသည်။ ထိုလေးအုပ်ထဲတွင် ကိုယ်တော်၏ ပြီးပြည့်စုံသော ဘုန်းတော်တော်ကို ဖော်ပြထားပါသည်။

"ငါတို့ရှိသမျှသည် မျက်နှာဖုံးကိုဖွင့်လျက် မှန်ကိုကြည့်သကဲ့သို့ သခင်ဘုရား၏ ဘုန်းအသရေတော်ကို ကြည့်မြင်၍၊ ဝိညာဉ်တော်တရား၏ အရှင်သည် ရောင်ခြည်တော်ကို လွှတ်တော်မူသည်အတိုင်း၊ ငါတို့သည် ဘုန်းအသရေတိုးပွား၍ ပုံသဏ္ဍာန်တော်နှင့်အညီ ပြောင်းလဲခြင်း ရှိရကြ၏။" (၂ကော ၃း ၁၈)

ရှင်ပေါလု ဘာကိုပြောချင်တာဖြစ်မလဲ။ ခရစ်တော်က ဖိလိပ္ပုထံတွင် ငါ့ကို မြင်လျှင် ခမည်းတော်ဘုရားကိုလည်း တိတိကျကျ မြင်သည်ဟု ပြောခဲ့သည်။

> ခရစ်တော်၏အထဲတွင် သူ၏ပုံသဏ္ဍာန်တော် ရောင်ပြန်ဟပ်နေသည်ကို ဘုရားသခင်တွေ့မြင်ရသည်။ ဘုရားသခင်သည် လူ့အသွေးသားအားဖြင့် ထင်ရှားတော်မူ၏။ အကြောင်းမှာ သူ၏ အကျင့်စရိုက်အားလုံး၏ ဖြစ်တည်မှုသည် ခရစ်တော်၏ အသက်တာထဲတွင် ထင်ရှားခဲ့သောကြောင့်ဖြစ်သည်။ ဘုရားသခင်သည် လူ့အသွေးသားထဲတွင် ထင်ရှားခဲ့ခြင်းသည် ကောင်းကင်သားများအတွက်ပင်လျှင် အံ့ဖွယ်ဖြစ်ခဲ့၏။ "ထိုနက်နဲသောအရာသည် မျိုးဆက်ပေါင်းများစွာ၊ နှစ်ထောင်ထောင်ပေါင်းများစွာ ကွယ်ဝှက်ထားသောအရာ ဖြစ်သည်။" (ST April, 1897 par. 10)

ခရစ်တော်၏ လူ့အသွေးသားအားဖြင့် ဘုရားသခင်၏ အကျင့်စရိုက်(သို့) ဘုန်းတော်ဂုဏ်တော်ကို အပြည့်အဝထင်ရှားစေခဲ့ကြောင်း ကျွန်ုပ်တို့ သိရပြီဖြစ်သည်။ ဘုရားသခင်၏ ဖြစ်တည်မှု အလုံးစုံကို ခရစ်တော်က ဤလောကတွင် အသက်ရှင်ခဲ့စဉ်က ထင်ရှားဖော်ပြခဲ့သည်။

> ဘုရားသခင်သည် သူ့သားသမီးများထံမှ စုံလင်ခြင်းကို တောင်းဆိုထားပါသည်။ သူ၏ ပညတ်တော်သည် သူ့အကျင့်စရိုက်အကြောင်း ရေးသားထားသော မှတ်တမ်းဖြစ်သည်။ ထိုပညတ်တော်သည် အကျင့်စရိုက်အားလုံးအတွက် စံနမူနာဖြစ်သည်။ ထိုပညတ်တော်ကို အားလုံးအတွက် ပေးထာပါသည်။ အကြောင်းမှာ ဘုရားသခင်၏ နိုင်ငံတော်တည်ထောင်ရာတွင် ပါဝင်မည့်သူများနှင့်ပတ်သက်၍ အမှားမရှိစေရန်ဖြစ်သည်။ **ခရစ်တော် ဤလောကတွင် အသက်ရှင်စဉ်အခါက အသက်တာသည် ဘုရားသခင့် ပညတ်တော်အကြောင်း အကောင်းမွန်ဆုံး ဖော်ပြချက်ဖြစ်သည်။** ဘုရားသခင်၏ သားသမီးဟု မိမိကိုယ်မိမိ ခံယူသူများ၏ အသက်တာသည် ခရစ်တော်၏ အသက်တာနှင့် တူလာသောအခါ သူတို့သည် ဘုရားသခင်၏ ပညတ်တော်ကို နာခံလိုက်လျောက်လာကြလိမ့်မည်။ (COL 315.1)

ဤလောကတွင် အသက်ရှင်စဉ်က ခရစ်တော်၏ အသက်တာသည် ဘုရားသခင်၏ ပညတ်တော်အကြောင်း အကောင်းဆုံး ဖော်ပြချက်ဖြစ်လျှင် ဝိညာဉ်တော်စာစောင်က ဘုရားသခင်၏ ပညတ်တော်အကြောင်း မည်သို့ပြောထားသနည်း။

> ဘုရားသခင်၏ ပညတ်တော်သည် ဘုရားသခင်နည်းတူ အထွတ်အမြတ်ထားအပ်၏။ ပညတ်တော်သည် ဘုရားသခင်၏ အလိုတော်ကိုဖော်ပြနေ၏။ ဘုရားသခင်၏ အကျင့်စရိုက်မှတ်တမ်း၊ ဘုရားသခင့်ချစ်ခြင်းမေတ္တာတော်နှင့် ဉာဏ်ပညာတော်ကို ဖော်ပြသောအရာဖြစ်၏။ (PP 52)

ဤလောကတွင် အသက်ရှင်စဉ်က ခရစ်တော်၏ အသက်တာသည် ဘုရားသခင်၏ ပညတ်တော်အကြောင်း အကောင်းဆုံး ဖော်ပြချက်၊ ဘုရားသခင်နည်းတူ အထွတ်အမြတ်ထားအပ်သောအရာ၊ ဘုရားသခင်၏ အကျင့်စရိုက်မှတ်တမ်းဖြစ်လျှင် ခရစ်တော်အနေဖြင့် ဘုရားသခင်၏ အကျင့်စရိုက်ကို လောကတွင် ပြည့်စုံစွာ ထင်ရှား

စေခဲ့ပါသည်။ ဤအကြောင်းကို စိတ်ထဲတွင် မှတ်ထားလျှက် အောက်ကအချက်ကို ဆင်ခြင်ကြည့်ပါ။

> ခရစ်တော်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ၊ မည်သည့်အချိန်တွင်မျှ မသတ်ခဲ့ဖူးပါ။" (Ms62-1886.64)

ထိုအချက်သည် ပညတ်တော်တွင် ဘုရားသခင် အတိအကျ ပြောထားသောအရာ ဖြစ်သည်။

"လူအသက်ကို မသတ်နှင့်။" ထွက်မြောက်ရာ ၂၀: ၁၃

အထက်ကအချက်အားလုံးကို စုစည်းစဉ်းစားကြည့်လျှင် -

၁။ ဤလောကတွင် အသက်ရှင်စဉ်က ခရစ်တော်၏ အသက်တာသည် ဘုရားသခင်၏ ပညတ်တော်အကြောင်း အကောင်းဆုံး ဖော်ပြချက်၊

၂။ ခရစ်တော်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ၊ မည်သည့်အချိန်တွင်မျှ မသတ်ခဲ့။

၃။ ပညတ်တော်က လူအသက်ကို မသတ်နှင့်ဟု ဆို။

၄။ ထို့ကြောင့် ဘုရားသခင် လူ့အသက်ကို မသတ်။ (မည်သူ့အသက်ကိုမျှ မသတ်)

ဤအချက်သည် သမ္မာကျမ်းစာထဲတွင် သခင်တစ်ပါး၊ ဘုရားတစ်ပါးရှိသည်ဟူသော အချက်သမျှ ရိုးရှင်းသောအရာဖြစ်သည်။ ခရစ်ယာန်အသိုင်းဝန်းက ဤရိုးရှင်းသော သဘောတရားကို ရှုပ်ထွေးအောင် လုပ်တတ်ကြ၏။ သို့ သော် မရှုပ်ထွေးပါ။ ရိုးရှင်းပါသည်။ ခရစ်တော်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မသတ်သော်လည်း ခရစ်ယာန် အသိုင်းဝိုင်းက ဘုရားသခင် လူ့အသက်ကို သတ်သည်ဟူသော အယူဆကို

ရှုပ်ထွေးအောင် လုပ်တတ်ကြသည်။ ခရစ်တော်သည် ခမည်းတော်ဘုရား၏ ပြည့်ဝစုံလင်သော သဏ္ဍာန်တော်ဖြစ်သည်။

ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများ အသက်တာတွင် ကိုယ်တိုင်ကြုံတွေ့ခံစားပြီးသောသူများသည် ဂုဏ်ယူဝမ်းမြောက်သင့်ပါသည်။ ကျေးဇူးတင်စကားများ ဘုရားသခင်ထံ လွှင့်တင်ချီးမွမ်းသင့်ကြသည်။ အကြောင်းမှာ ခရစ်တော်သည် လူ့အသွေးသားဖြင့် ကြွလာခဲ့ပြီး သူ၏ဘုရားဇာတိကို လူ့သားဇာတိဖြင့် ဖုံးအုပ်လျှက် ဘုရားသခင်၏ ပြီးပြည့်စုံလင်ခြင်းကို လောကကြီးရှေ့တွင် သူ့အသက်တာဖြင့် ပြသခဲ့သည်။ သူသည် ခက်ထန်သော တရားသူကြီးအဖြစ် လာသည်မဟုတ် ချစ်တတ်သော ဖခင်တစ်ဦးကဲ့သို့ ခမည်းတော်ဘုရား၏ ကိုယ်စားအဖြစ်လာခဲ့၏။ “ဘုရားသခင်သည် တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။” ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။ ဤအမှန်တရားသည် ခရစ်တော် လောကအတွက် ဖော်ပြပေးသည့် ကြီးမြတ်သော အမှန်တရားဖြစ်သည်။ **စာတန်သည် ဘုရားသခင်၏ အကျင့်စရိုက်၊ သဘောသဘာဝကို ဤလောက၌ အလွဲလွဲအမှားမှား ဖော်ညွှန်းလွန်းသောကြောင့် လူသားများသည် ဘုရားသခင်နဲ့ အဝေးတွင်နေကြ၏။ သို့သော်လည်း ခမည်းတော်၏ အကျင့်စရိုက်၊ သဘောသဘာဝကို ပြသရန်၊ ခမည်းတော်၏ ရုပ်လုံးပေါ်လွင်အောင် ပြသရန် ခရစ်တော် ကြွလာခဲ့ခြင်းဖြစ်**သည်။ **“ခမည်းတော်မှာတော်မူသည်အတိုင်း ငါပြုသည်” “ထိုအခွင့်ကို ခမည်းတော်သည်(ငါ့ကို)ပေးတော်မူပြီ။” ဤလောကအတွက် ခရစ်တော်၏ သာသနာတော် ဦးတည်ချက်မှာ ခမည်းတော်ဘုရားကို ထင်ရှားပြသရန်ဖြစ်သည်။** (ST, April 11, 1895 par. 2)

ခရစ်တော်သည် ဟေဗြဲ ၁း ၃ တွင် ဖော်ပြထားသကဲ့သို့ ဘုရားသခင့် ဇာတိအဖြစ်တော်၏ ပုံသဏ္ဍာန်ဖြစ်ပါသည်။ အယ်လင်ဝှိုက်က ခမည်းတော်၏ အကျင့်စရိုက်၊ သဘောသဘာဝကို ပြသရန်၊ ခမည်းတော်၏ ရုပ်လုံးပေါ်လွင်အောင် ပြသရန် ခရစ်တော်ကြွလာခဲ့သည်ဟု ပြောခဲ့ပါသည်။ ထပ်ဆင့်အတည်ပြုပေးသော ဝါကျရေးလိုက်ပါသေးသည်။

**"ဤလောကအတွက် ခရစ်တော်၏ သာသနာတော် ဦးတည်ချက်မှာ ခမည်းတော်ဘုရားကို ထင်ရှားပြသရန်ဖြစ်သည်။"** (ST, April, 11, 1895 par. 2)

ဤရေးသားချက်သည် ရှင်ယောဟန် ၁၇: ၄ ကို ပြည့်စုံအောင် ထပ်ဆင့်ရေးသားချက်လည်းဖြစ်ပါသည်။ ခရစ်တော်၏ ဦးတည်ချက်မှာ ခမည်းတော်ကို ပြသရန်ဖြစ်သည်။ ဤကဲ့သို့ ရှင်းလင်းသော ဖော်ပြချက်များအတွက် ဘုရားသခင်ကို ကျေးဇူးတင်မိပါသည်။

> "ခရစ်တော်သည် ဘုရားသခင်၏ အကျင့်စာရိတ္တတော်ကို ချီးမြောက်တော်မူခဲ့သည်။ ချီးမွမ်းသည်။ **လောကကြီးအတွက် သူ့ဦးတည်ရည်ရွယ်ချက်ဖြစ်သော ဘုရားသခင်ကို ထင်ရှားပြသခြင်းအားဖြင့် လူသားများကို အမှားမှ အမှန်သို့ ပဲ့ပြင်ခြင်း**နှင့် အရာအားလုံးအတွက် ခမည်းတော်ကို မူလပိုင်ရှင်၊ ပဲ့ကိုင်သူအဖြစ် အသိအမှတ်ပြုခဲ့သည်။ **ခမည်းတော်၏ တုနှိုင်းမဲ့ ပြီးပြည်စုံခြင်းနှင့် မိဘကဲ့သို့သော ကရုဏာကျေးဇူးတော်ကို လူသားများရှေ့တွင် ခရစ်တော်၏ အသက်တာအားဖြင့် ပြသခဲ့သည်**။ ကားတိုင်တင်မခံမှီ၊ ဆုတောင်းချက်တွင် ခရစ်တော်က "အကျွန်ုပ်သည် ကိုယ်တော်၏ နာမကိုပြပါပြီ။"ဟု ပြောခဲ့၏။ "**အကျွန်ုပ်သည် မြေကြီးပေါ်မှာ ကိုယ်တော်ကို ဘုန်းထင်ရှားစေပါပြီ။ အကျွန်ုပ်ဆောင်ရွက်စရာအဖို့ အကျွန်ုပ်၌ အပ်ပေးတော်မူသောအမှုကို အကျွန်ုပ်ဆောင်ရွက်၍ ပြီးပါပြီ။" သူ့အမှုတော်၏ ဦးတည်ချက် (ဘုရားသခင်ကို မြေကြီးပေါ်မှာ ဘုန်း**

**ထင်ရှားစေခြင်း) ပြီးမြောက်သောအခါ ဘုရားသခင်၏ သားတော်သည် သူ့အမှု ပြီးမြောက်အောင်မြင်ပြီ၊ ခမည်းတော်၏ စာရိတ္တတော်သည် လူသားများထံ ထင်ရှားလေပြီဟု ကြွေးကြော်တော်မူ၏။** (ST January 20, 1890, par. 9)

ဤလောကအတွက် ခရစ်တော်၏ သာသနာအမှုတော်၏ ရည်ရွယ်ချက်အကြောင်း သံသယရှိစရာမလိုအောင် ကျွန်တော်တို့သိပြီဖြစ်သည်။ ရည်ရွယ်ချက်မှာ ဘုရားသခင်ကို ပြသ (သို့) ဘုန်းထင်ရှားစေခြင်းအားဖြင့် လူသားများကို အမှားမှအမှန်သို့ ပဲ့ပြင်ရန်ဖြစ်သည်။ ထိုကြောင့်ပင် ခရစ်တော်သည် ခမည်းတော်ထံသွားရာ လမ်းခရီး၊ ခမည်းတော်၏ အမှန်တရားနှင့် ခမည်းတော်၏ အသက်တော်ဖြစ်ပါသည်။

ကောင်းကင်ရှိ တော်ဝင်မိသားစုဝင် ဖြစ်နိုင်ရန် ဤလောကတွင် ကောင်းကင်နိုင်ငံတော်၏ နည်းဥပဒေသများကို သူတို့ လိုက်နာကျင့်သုံးရမည်ဖြစ်သည်။ **ဤလောကရှိ ခရစ်တော်၏ အသက်တာသည် ကောင်းကင်ဗိုလ်ချေအရှင် ဘုရားသခင်၏ အကျင့်စာရိတ္တတော်ကို သူ့အသက်တာထဲတွင် ထင်ရှားပြသပေးရန်ဖြစ်သည်**။ သူ့အမှုတော်သည် ဘုရားသခင်၏ အကျင့်စရိုက်အကြောင်း စစ်မှန်သော အမြင်ကို သူတို့ ရရှိမည်အကြောင်း သူ၏ နှုတ်ကပတ်တော်နှင့် အပြုအမူအားဖြင့် အသက်ကိုပေးရန်ဖြစ်သည်။ ခရစ်ယာန်များအနေဖြင့် မိမိတို့သည် အရာခပ်သိမ်းတွင် ခရစ်တော်၏ နောက်တော်လိုက်သောသူများဖြစ်ကြောင်း တစ်ဒင်္ဂလေးမျှ မမေ့လျော့သင့်ချေ။ (Ms 11-1895.10)

ဤရေးသားချက်များသည် မမှားနိုင်ပါ။ အဘယ့်ကြောင့် လူအများစုက ခရစ်တော်သည် ခမည်းတော်၏ ကရုဏာ၊မေတ္တာတော်အကြောင်း ပြသရန်သာ လာခဲ့ကြောင်း နောက်ဆုံးသောကာလတွင် ဘုရားသခင်၏ တရားစီရင်ခြင်းအကြောင်း ပြောပြရန်သာလာသည်ဟု ပြောလိုကြသနည်း။ ထိုသို့ဆိုလျှင် သမ္မာကျမ်းနှင့် ဝိညာဉ်တော်စာပေ၏ ရေးသားချက်များနှင့် ကွဲလွဲနေလိမ့်မည်။

သူ့လုပ်ဆောင်ချက်များကို တိုက်ဖျက်ရန် ကြိုးစားကြသော်လည်း ခရစ်တော်သည် ယေရုရှလင်မြို့ထဲ၌ပင်လျှင် သူတို့ထက် ပြည်သူလူထုအပေါ်၌ ပိုမိုသြဇာလွှမ်းမိုးလာခဲ့သည်။ လူစုလူဝေးကြီးသည် ရာဘီများ၏ ရှည်လျားသော တရားဟောချက်များထက် သူ့သင်ကြားမှုများကို ပိုနားထောင်လိုကြသည်။ သူ့စကားလုံးများကို သူတို့ခံစားတတ်ကြသည်။ သူတို့နှလုံးသားသည် သက်သာရာရရှိ၍ နွေးထွေးသွားကြသည်။ **သူသည် ဘုရားသခင်အကြောင်း ပြောပြသောအခါ ဘုရားသခင်သည် ဒေါသအမျက်ဖြင့် တရားစီရင်သည့် ဘုရားမဟုတ်ဘဲ၊ ချိုသာသော ဖခင်နှဲ့တူသောဘုရားဖြစ်ကြောင်း ပြောပြကာ သူ့အထဲမှ ဘုရားသခင်၏ ပုံသဏ္ဌာန်တော်ကို ရောင်ပြန်ဟပ် ထင်ရှားစေတော်မူ၏။ သူပြောသော စကားလုံးများသည် ဒဏ်ရာရနှလုံးသားများအတွက် ကိုယ်စိတ်နှလုံး ငြိမ်းအေးစေသောဆေးကဲ့သို့ဖြစ်၏။** သူ၏ ကရုဏာနှဲ့ ပြည့်ဝသော စကားလုံးများ၊ လုပ်ဆောင်ချက်များအားဖြင့် ဓလေ့ဟောင်းများနှင့် လူလုပ်ပညတ်ချက်များ၏ ဖိနှိပ်ချုပ်ချယ်သော တန်ခိုးကို ချိုးဖောက်ကာ မကုန်ခမ်းနိုင်အောင် မေတ္တာတော်နှဲ့ ပြည့်ဝသော ဘုရားသခင်အကြောင်း ပြောပြတော်မူ၏။ (DA 204. 4)

အလွန်လှပသော ရေးသားချက်များဖြစ်ပါသည်။ ခရစ်တော် ဤလောကတွင် ရှိစဉ်အခါက ခမည်းတော်၏ အကျင့်စာရိတ္တတော်ကို ရောင်ပြန်ဟပ်တော်မူ၏။ ထိုရောင်ပြန်ဟပ်ခြင်းသည် ပြည့်စုံသော ဖော်ပြချက်ဖြစ်သည်။

ယခုဖြစ်လျက်ရှိပြီး၊ ကမ္ဘာအဆုံးထိ ဆက်လက်ဖြစ်သွားမည်ဖြစ်သည်။ အပြစ်သည် စာတန်၏ သဘောသဘာဝဖြစ်ပြီး၊ ကောင်းသောအရာများ၏ ဆန့်ကျင်ဘက်ဖြစ်သည်။ မှားယွင်းသော ဘာသာတရားအားလုံး၌ ကာဣန၏ ဝိညာဉ်ကို တွေ့နိုင်သည်။ **စာတန်၏အလုပ်မှာ အပြစ်တင်ရန်၊ ဖျက်ဆီးရန်၊ လူသားများ၏ လွတ်လပ်မှုနှင့် အသက်ကို ဖျက်ဆီးပစ်ရန်ဖြစ်သည်။** ပညတ်တရားကို လွန်

ကျူးခြင်းသည် စာတန်၏ကိုယ်စားလှယ်အဖြစ် တွန်းပို့ပေးလေ့ရှိပြီး၊ ဘုရားသခင်နဲ့ ဖြောင့်မတ်ခြင်းတရားကို ဆန့်ကျင်ကာ စာတန်၏ ရည်ရွယ်ချက်ကို အကောင်ထည်ပေါ်သွားစေသည်။ **နာဇရက်မြို့တွင် ခရစ်တော်က သူ့အလုပ်မှာ ငြိမ်သက်ခြင်းနဲ့ ပျော်ရွှင်ခြင်းကို ဆောင်ကျဉ်းပေးရန်နှင့် ပျက်စီးသောအရာများကို ပြန်လည်ပြုပြင်ရန်၊ အားနည်းသူများကို မြင့်တင်ချီးမြောက်ရန်ဖြစ်ကြောင်း ကြေညာခဲ့သည်။ သူသည် ဤလောကတွင် ခမည်းတော်ဘုရား ကိုယ်စားပြုအဖြစ်ကြွလာခဲ့သည်။ သေလွန်သူကို ရှင်ပြန်ထမြောက်စေခြင်းအားဖြင့်လည်းကောင်း ဖျားနာသူများနဲ့ ဝေဒနာခံစားနေရသူများကို ကျန်းမာပျော်ရွှင်မှုပေးခြင်းအားဖြင့်လည်းကောင်း သူ၏ ဘုရားဇာတိကို ပြသခဲ့သည်။ <u>သူသည် ဤလောကအတွက် အသက်ပင်ဖြစ်သည်။</u> စာတန်သည် ပြန်လည်ပြုပြင်ထိန်းသိမ်းသော ဘုရား၊ ခရစ်တော်နှင့် စစ်တိုက်လျက်ရှိ၏။ သူ့ကိုယ်စားလှယ်များသည် ကယ်တင်ရှင်၏ အမှုတော်ဖြစ်သော လူသားများ၏ စိတ်ဓာတ်မြင့်တင်ခြင်းအလုပ်ကို စုပေါင်းဆန့်ကျင်ကြ၏။ စာတန်၏ နည်းဥပဒေသကြောင့် ဤလောကတွင် ပထမဦးဆုံးသော သေခြင်းဖြစ်ပွားခဲ့သည်။ ထိုအချိန်မှစ၍ ခရစ်တော်နှင့် သူ၏ နောက်တော်လိုက်လျှောက်သူများသည် စာတန်၏ အသက်အန္တရယ်ပေးသော မုန်းတီးမှု၏ ပစ်မှတ်များဖြစ်လာကြသည်။** (ST March 21, 1900, par. 13-15)

အထက်ပါ ကိုးကားချက်တွင် တွေ့ရသော နှိုင်းယှဉ်မှုသည် ရှင်းပါသည်။ စာတန်၏ အလုပ်မှာ အပြစ်တင်ခြင်း၊ ဖျက်ဆီးခြင်း၊ လွတ်လပ်မှုကို ပယ်ရှားခြင်းနှင့် အသက်ကို ဖျက်ဆီးတို့ဖြစ်သည်။ ခရစ်တော်၏ အလုပ်မှာ ငြိမ်သက်ခြင်းနဲ့ ပျော်ရွှင်ခြင်းကို ဆောင်ကျဉ်းပေးရန်နှင့် ပျက်စီးသောအရာများကို ပြန်လည်ပြုပြင်ရန်၊ အားနည်းသူများကို မြင့်တင်ချီးမြောက်ခြင်းဖြစ်သည်။ အလွန်ပြောင်မြောက်သော နှိုင်းယှဉ်မှုဖြစ်သည်။ ထိုကဲ့သို့သော အလုပ်များ လုပ်ဆောင်ရာတွင် ခရစ်တော်သည် ခမည်း

တော်ဘုရားကို ဖော်ပြနေခြင်းလည်းဖြစ်သည်။ ဤကိုးကားချက်များ ဖတ်ရှုရသည်ကို ကျွန်တော်အလွန်နှစ်သက်ပါသည်။ သင်လည်းနှစ်သက်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ဘုရားသခင်၏ သားတော်ဖြစ်သော ယေရှုအားဖြင့် ခမည်းတော်သည် ဤလောကတွင် ပိုမိုထင်ရှားလာပါသည်။ ယေရှုက တပည့်တော်များထံ "သင်တို့သည် ငါ့ကိုသိလျှင် ငါ့ခမည်းတော်ကို မသိဘဲမနေကြ။ ယခုမှစ၍ ခမည်းတော်ကို သိမြင်ကြ၏ဟု မိန့်တော်မူ၏။ ဖိလိပ္ပုကလည်း၊ သခင်၊ ခမည်းတော်ကို အကျွန်ုပ်တို့အား ပြတော်မူပါ။ ထိုသို့ပြလျှင် အကျွန်ုပ်တို့ အလိုပြည့်စုံပါမည်ဟု လျှောက်လျှင် ယေရှုက၊ ဖိလိပ္ပု၊ ဤမျှကာလပတ်လုံး ငါသည် သင်တို့နှင့်အတူရှိပြီးမှ သင်သည် ငါ့ကို မသိသေးသလော။ ငါ့ကိုမြင်သောသူသည် ခမည်းတော်ကိုမြင်၏။" ဟုပြောခဲ့ပါသည်။ ထောင်ပေါင်းများစွာသော ဝိညာဉ်များသည် "ကျွန်ုပ်တို့အား ခမည်းတော်ကို ပြပါ။ ပြမှသာ ကျွန်ုပ်တို့ စိတ်ကျေနပ်နိုင်ပါမည်။ မမြင်ရသေးသရွေ့ ဘုရားကို ကျွန်ုပ်တို့၏ ခမည်းတော်ဘုရားဟု ကျွန်တော်တို့ မပြောနိုင်ပါ။"ဟု အော်ဟစ်နေကြသည်။ ထိုကဲ့သို့သော ဝိညာဉ်များအတွက် ယေရှု၏ အဖြေမှာ ဖိလိပ္ပုကို ပေးခဲ့သောအဖြေပင်ဖြစ်သည်။ "ဤမျှကာလပတ်လုံး ငါသည် သင်တို့နှင့်အတူရှိပြီးမှ သင်သည် ငါ့ကိုမသိသေးသလော။ ငါလုပ်ဆောင်ခဲ့သော အရာများကို သင်တို့တွေ့ဖူးကြသည် မဟုတ်လော။ ငါသင်ပေးသော အရာတို့ကို သင်တို့နားထောင်ခဲ့သလော။ ငါ့ခမည်းတော်၏ နာမတော်အားဖြင့် ငါပြုသော နိမိတ်လက္ခဏာတို့ကို သင်တို့ သက်သေခံဖူးသလော။ ထိုသို့ပြုဖူးလျှင် ဘုရားသခင်၏ သဘောသဘာဝကို သင်တို့ နားမလည်ကြသေးသလော။ **ငါသည် သင်တို့နှင့်အတူ ဆုတောင်း၏။ သင်တို့အတွက် ဆုတောင်းပေး၏။ သို့တိုင်အောင် သင်တို့က ငါသည် လမ်းခရီး၊ သမ္မာတရား၊ အသက်ဖြစ်ကြောင်း နားမလည်နိုင်ကြသေးသလော။ ငါ့အသက်တာအားဖြင့် ခမည်းတော်ဘုရား၏**

**သဘောသဘာဝကို သူတို့ထံ ငါဖွင့်ပြခဲ့ပြီမဟုတ်လော။ ငါသည် ငါ့ခမည်းတော်၏ ဘုန်းတော်ရောင်ခြည်ဖြစ်၏။ ငါသည် ဘုရားသခင့် ဇာတိအဖြစ်တော်၏ ပုံသဏ္ဍာန်တော်ဖြစ်၏။ "ငါသည် ခမည်းတော်၌ရှိသည်ကိုလည်းကောင်း၊ ခမည်းတော်သည် ငါ၌ရှိတော်မူသည်ကိုလည်းကောင်း မယုံကြသလော။ ငါဟောပြောသောစကားကို ကိုယ်အလိုအလျောက် ငါဟောပြောသည်မဟုတ်။ ငါပြုသောအမှုတို့ကိုကား၊ ငါ၌တည်နေတော်မူသော ခမည်းတော်သည် ပြုတော်မူ၏။"** ငါသည် ခမည်းတော်၌ ရှိသည်ကိုလည်းကောင်း၊ ခမည်းတော်သည် ငါ၌ရှိတော်မူသည်ကိုလည်းကောင်း ယုံကြလော။ ငါ့စကားကိုမယုံလျှင်၊ ငါ့အမှုတို့ကို ထောက်၍ ယုံကြလော။ ငါအမှန်အကန်ဆိုသည်ကား၊ ငါ့ကိုယုံကြည်သောသူသည် ငါပြုသောအမှုတို့ကို ပြုလိမ့်မည်။ ထိုအမှုတို့ထက် သာ၍ကြီးမြတ်သောအမှုတို့ကိုလည်း ပြုလိမ့်မည်။ အကြောင်းမူကား၊ ငါသည် ခမည်းတော်ထံသို့သွား၍" (ST June 9, 1890, par. 1)

စိတ်ဝင်စားစရာ မကောင်းဘူးလား။ ဖိလိပ္ပု၏ ပြဿနာ ယနေ့ထက်တိုင်ရှိနေသည်။ ခရစ်တော်သည် ခမည်းတော်၏ ပြည့်စုံသောကိုယ်စားပြု ဖော်ပြခြင်းဖြစ်ကြောင်း သူမမြင်နိုင်ခဲ့ပါ။ ခရစ်ယာန်လောက တစ်ခုလုံးနီးပါးကလည်း ထိုကဲ့သို့ မမြင်နိုင်ဘဲ ရှိနေကြသည်။ သခင်ယေရှု ဤလောကတွင် ကြွဆင်းလာခဲ့စဉ်က ခမည်းတော်ကို ပြသခဲ့သည့်အတွက် ကိုယ်တော့်ကို ကျေးဇူးတင်ပါ၏။

ခရစ်တော်သည် ကျွန်ုပ်တို့အတွက် ယဇ်ကောင်အဖြစ် ဤလောကသို့ ကြွလာခဲ့သည်။ ကျွန်ုပ်တို့၏ မျက်လုံးထဲတွင် အဖိုးတန်အမှန်တရားကို ရှာဖွေဖော်ထုတ်ရန်နှင့် အမှန်တရား ရှု့မြင်ပုံ 'မူ'အသစ်ကို  တပ်ဆင်ပေးရန် သူကြွလာခဲ့သည်။ ကယ်တင်ခြင်း စီမံကိန်း၏ အချိတ်အဆက်၊ကွင်းဆက်များကို ကျွန်တော်တို့ ရှာဖွေစိစစ်နိုင်ရန် ဘုရားသခင်၏ အသစ်၊ အဟောင်းအရာများ  သိုလှောင်ထားရာ

ဘဏ္ဍာတော်တိုက်ကြီးကို သူဖွင့်ထုတ်ပေးခဲ့သည်။ ယုဒလူမျိုးများ၏ ယဇ်ပူဇော်ခြင်း ဓလေ့သည် လောက၏ အပြစ်ကို ဆောင်သွားသော သိုးသူငယ်၊ ခရစ်တော်ကို ညွှတ်ပြနေခြင်းဖြစ်သည်။ စကြာဝဠာလောကတစ်ခုလုံး၏ ရှေ့မှောက်တွင် ဘုရားသခင်နှင့် လူသားများ၏ ရန်သူအကြား ပဋိပက္ခများ၌ ပါဝင်လာရန် ခရစ်တော် ဤလောကသို့ ကြွဆင်းလာခဲ့ပါသည်။ **ဤတိုက်ပွဲကို အခြားကမ္ဘာသူ ကမ္ဘာသားများ ရှေ့မှောက်တွင် တိုက်ခိုက်ရန် အဘယ့်ကြောင့် လိုအပ်ရသနည်း။ အကြောင်းမှာ စာတန်သည် တစ်ချိန်က ချီးမြှောက်ခံရသော ကောင်းကင်တမန်ဖြစ်ရာ သူကျရှုံးသောအခါ ကောင်းကင်တမန်မြောက်များစွာကို သူ့ဘက်ပါလာရန် ဘုရားသခင့် နိုင်ငံတော်ကို တော်လှန်ရန် စည်းရုံးခဲ့သောကြောင့် ဖြစ်သည်။ ယနေ့လူသားများ၏ စိတ်ထဲတွင် သူအလုပ်လုပ်နေသကဲ့သို့ ကောင်းကင်တမန်များ၏ စိတ်ထဲတွင်လည်း သူအလုပ်လုပ်နေပါသည်။ သူသည် ဘုရားသခင်ထံ သစ္စာရှိဟန်ဆောင်ကာ ကောင်းကင်တမန်များသည် ပညတ်တော်အောက်တွင် မနေကောင်းဟု ငြင်းခုန်သည်။ သူသည် သူ၏ ဩဇာလွှမ်းမိုးမှုကို အသုံးပြု၍ ပုန်ကန်တတ်သောစိတ်ထား၊ ဘုရားသခင်၏ ပညတ်တော်အပေါ် မုန်းတီးစိတ်တို့ကို ကောင်းကင်နိုင်ငံတော်ရှိ ကောင်းကင်တမန်များ၏ စိတ်ထဲ၌ ရိုက်သွင်းပေးခဲ့သည်။ သူသည် ကျရှုံးကောင်းကင်တမန်များအပေါ် အသုံးပြုခဲ့သော စုံစမ်းနှောင့်ယှက်မှုမျိုးဖြင့် လူသားများကို ကျရှုံးစေခဲ့သည်။** ပုန်ကန်ရန် အကြံစည်များ သူအစပြုခဲ့သော ဤလောကကြီးထဲတွင် တိုက်ပွဲဆင်နွှဲရန် လိုအပ်နေသည်။ သို့မှသာ အားလုံးတို့သည် ဘုရားသခင်၏ အကျင့်စာရိတ္တဆိုင်ရာ စံနှုန်းများ(ပညတ်တော်)အပေါ် မနာခံလိုမှု၏ အဖြစ်မှန်၊ အကျိုးဆက်ကို တွေ့မြင်နားလည်နိုင်ရန် ဖြစ်သည်။ ဘုရားသခင်ကို မှားယွင်းသောအလင်းဖြစ်သော သူ့စရိုက်လက္ခဏာများဖြင့် ပုံဖော်ခဲ့သည်။ ခရစ်တော်ကမူ ဘုရားသခင်ကို သူ့ပင်ကိုယ်မူလ၊ အရှိကိုအရှိတိုင်း ဖော်ပြရန် ဤလောကသို့ ကြွဆင်းလာခဲ့သည်။

ဘုရားသခင်သည် အာဏာရှင်ဆန်သော တရားသူကြီး မဟုတ်ကြောင်း၊ လူသားများအပေါ် တရားစီရန် အသင့်ရှိနေသူ၊ မကောင်းမှုလုပ်သူများကို အပြစ်တင်၊ ဒဏ်ခတ်ရာတွင် ပျော်မွေ့တတ်သူမဟုတ်ကြောင်း ယေရှုပြသခဲ့သည်။ တောင်ပေါ်တွင် မောရှေထံ ဘုရားသခင်က သူ့စရိုက်လက္ခဏာများကို ပြသခဲ့ပါသည်။ "ထာဝရဘုရားသည် မောရှေရှေ့၌ကြွသွားတော်မူလျက်၊ ထာဝရဘုရား၊ ထာဝရဘုရား၊ ချစ်သနားခြင်းကရုဏာနှင့် ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့် ကြွယ်ဝတော်မူသော၊ အထောင်အသောင်းများသောသူတို့အား သနားခြင်း၊ ကျေးဇူးတရားကို စောင့်တော်မူထသော၊ အဓမ္မကျင့်ခြင်း၊ တရားတော်ကိုလွန်ကျူးခြင်း၊ ပြစ်မှားခြင်းအပြစ်တို့ကို ဖြေလွှတ်"သူဖြစ်သည်။ (ST Nov. 18, 1889, par. 6)

လုံးဝပြောင်မြောက်သော ဘုရားသခင်အကြောင်း ရေးသားချက်များဖြစ်ပါသည်။ ယေရှု ဘာကြောင့် ဤလောကသို့ကြွလာရန် လိုအပ်ကြောင်း အယ်လင်ဝှိုက်က အတိုချုပ် ဖော်ပြခဲ့ပါသည်။ ဘုရားသခင်၏ စရိုက်လက္ခဏာတော်သည် ကောင်းကင်တွင်ဖြစ်စေ လူသားလောကတွင်ဖြစ်စေ များစွာလှည့်စား ခံခဲ့ရပြီးဖြစ်သည်။ ခရစ်တော်က ဘုရားသခင်မည်သို့သောသူဖြစ်ကြောင်း အမှန်တရားကို ဖော်ပြသွားခဲ့သည်။

ထိုအချက်သည် ဘုရားသခင်က သူ့ပင်ကိုယ်စရိုက်၊ လက္ခဏာတော်ကို ပေးခဲ့ကြောင်း ဖော်ပြချက်ဖြစ်သည်။ ယေရှုသည် ဘုရားသခင်၏ ကောင်းမြတ်ခြင်း၊ သနားခြင်းကရုဏာတော်နှင့် ချစ်ခြင်းမေတ္တာတော်တို့ကို ပြသရန် ကြွလာခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် စာတန်သည် ဘုရားသခင်၏ သားတော်အပေါ် အမုန်းတရားဖြင့် ပြည့်နေ၏။ မွေးသည့်နေ့မှစ၍ ဖျက်ဆီးပစ်နိုင်ရန် သူကြိုးစားခဲ့သည်။ သူ၏အကြံစည်ကို ဆိုးယုတ်သော ဟေရုတ်မင်းအားဖြင့် အကောင်ထည်ဖော်ခဲ့သည်။ သို့သော်လည်း ကိုယ်တော်သည် လူငယ်လေး ယေရှု၏ အသက်ကို ကာ

ကွယ်ပေးခဲ့သဖြင့် ဆိုးယုတ်သူ၏ အကြံစည်ကို ပျက်သွားခဲ့သည်။ မကြာခဏ ဆိုသလို ခရစ်တော်သည် ဘေးအန္တရာယ် ကြုံရလေ့ရှိသည်။ သူ၏ ကရုဏာ တော်နှင့် ပြည့်ဝသော စကားလုံးများကို ကြားခဲ့ပြီးသော လူများသည် လူနာများ ကို ကျန်းမာစေသောတန်ခိုး၊ သူအနားတွင်ရှိသော လူများအပေါ် ကောင်းချီးပေး သော အပြုမူများကို တွေ့မြင်ခဲ့ကြသော်လည်း သူ့ကို ဖျက်ဆီးပစ်ချင်ကြသေး သည်။ သူသည် အပြစ်တရားကို လုံးလုံးမုန်းတီး၏။ စာတန်နှင့် ကိုယ့်အလိုကို သာလိုက်သောတိုင်းနိုင်ငံများ၏ အမုန်းတရားကို နှိုးဆွနေသောအရာသည် ယေ ရှု၏ အပြစ်ကင်းစင်သော အသက်တာဖြစ်သည်။ ခရစ်တော်၌ အပြစ်စိုးစိမ့် မ ရှိ၊ သူ၏ စကားတွင်လည်း မုသားမရှိချေ။ ယုဒတစ်နိုင်ငံလုံးသည် သံသယစိတ် များ၊ မာန်မာနစိတ်ထားများဖြင့် ပြည့်နှက်နေသည်။ ထို့အကြောင်းများကြောင့် သူတို့သည် ဘုရားသခင်၏ သားတော်ကို မုန်းတီးကြ၏။ သူတို့၏ မယုံကြည်မှု များကြောင့် သူတို့သည် ဆိုးယုတ်သူ၏ ထိန်းချုပ်မှုအောက် ရန်သူ့ဘက်၌ အ လိုလို ရပ်တည်လျက်သားဖြစ်သွားကြသည်။ (ST Nov. 18, 1889, par. 7)

**ကောင်းကင်သည် ငုံ့ကြည့်၍ လူသားများ လှည်ဖြားခံနေရသည်ကို မြင်ရသောအခါ ဘုရားဇာတိနှင့်ပြည့်ဝသော ဆရာတစ်ပါး ကမ္ဘာလောကသို့ ကြွလာရန် လိုအပ်နေ ကြောင်း တွေ့မြင်ခဲ့သည်။ ရန်သူ၏ လိမ်လည်ဖော်ပြချက်များကြောင့် အများတို့ သည် စာတန်၏ စရိုက်များဖြင့် ဖုံးအုပ်ထားသော မှားယွင်းသော ဘုရားကို ကိုး ကွယ်မိကြတော့သည်။** မှောက်မိုက်၌နေသောသူများ၊ ခေါင်းမာသောသူများသည် ဝိ ညာဉ်အလင်း လိုအပ်နေကြသည်။ လောကကြီးသည် ဘုရားသခင်ကို မသိတော့။ ထို့ကြောင့် သူတို့နားလည်နိုင်ရန် ဘုရားသခင် ထင်ရှားပြရမည်ဖြစ်သည်။ **အမှန်တ ရားသည် ကောင်းကင်မှ ငုံ့ကြည့်သောအခါ သူ၏အရိပ်အရောင်ပင် မတွေ့ရတော့။ အကြောင်းမှာ ဝိညာဉ်ရေးရာမှောင်မိုက်ထုကြီးသည် ကမ္ဘာကြီးကို လွှမ်းခြုံထား၏။ သခင်ယေရှုကသာ ထိုမှောင်မိုက်တိမ်ထုကြီးကို လွင့်ပျယ်စေနိုင်မည်ဖြစ်သည်။ အ**

**ကြောင်းမှာ သူသည် လောက၏ အလင်းဖြစ်၏။** ဘုရားသခင်နှင့် လူသားများစပ်ကြား စာတန်ထားရှိသော မှောင်မည်းသည့် အရိပ်များသည် ယေရှု၏ အတူရှိခြင်းကသာ လွင့်စင်ပပျောက်သွားစေနိုင်သည်။ (CT 28.1)

**ဘုရားသခင်၏ သားတော်သည် ခမည်းတော်၏ စရိုက်လက္ခဏာကို လူသားများထံ ပြသရန် ဤလောကသို့ကြွဆင်းလာခဲ့သည်။ လူသားများအနေဖြင့် ဘုရားသခင်ကို ဝိညာဉ်နှင့် သမ္မာတရားဖြင့် ကိုးကွယ်နိုင်စေရန်ဖြစ်သည်။** သူသည် လောကတွင် အမှန်တရား မျိုးစေ့ကို ကြဲရန် လာခဲ့၏။ ဉာဏ်ပညာဘဏ္ဍာတိုက်၏ သော့အားလုံးကို သူကိုင်ထား၏။ သူသည် ကယ်တင်ခြင်းအတွက် လိုအပ်သော သိပ္ပံပညာ၏ တံခါးတို့ကို ဖွင့်နိုင်သောသူ၊ မတွေ့ရှိရသေးသော ပညာသိမ်ိုးရာတိုက်များကို ဖော်ထုတ်သူဖြစ်သည်။ အမှန်တရား အပိုင်းစအားလုံးသည် လူသားအားလုံးအတွက် အလင်းကို ဆောင်ကျဉ်းပေးသူ၊ ကမ္ဘာကြီးကို အလင်းပေးသူ၏ သက်သေများဖြစ်သည်။ (CT 28.2)

**သူ၏စင်ကြယ်သော အသက်တာဖြင့် ခမည်းတော်ကို ထင်ရှားစေခဲ့သည်။ ဘုရားသခင်၏ ဘုန်းတော်ရောင်ခြည်သည် သူ၏အသက်တာမှ ဖြာထွက်လျက်ရှိ၏။ ခမည်းတော်၏ စုံလင်ကောင်းမြတ်မှုသည် အပြစ်သားများ၊ ကောင်းကင်သားများနှင့် မကျရှုံးသောကမ္ဘာများသို့တိုင်အောင် ထွန်းတောက်ထင်ရှားလျက်ရှိ၏။** ခရစ်တော်၏ ကြားဖျန်ဖြေမှုအားဖြင့် ဘုရားသခင်၏ မေတ္တာတော်သည် လူသားများနှင့် ကောင်းကင်တမန်များအကြား ပြည့်ဝစုံလင်စွာ ထင်ရှားလာ၏။ တောထဲတွင် စမ်းသပ်စုံစမ်းခြင်းကို ကျွန်ုပ်တို့ ကိုယ်စားအောင်နိုင်ပြီးနောက် သူ၏ ခြေလှမ်းများ ကရာနီကုန်းဘက်သို့ ဦးတည်လာ၏။ သူ၏လူသားဇာတိအားဖြင့် လောကကြီးကို ဆုပ်ကိုင်ကာ၊ ဘုရားဇာတိအားဖြင့် ဘုရားသခင်၏ ပလ္လင်တော်ကို စွဲကိုင်ထား၏။ ရန်သူနှင့် သူ့အကြား ကြောက်စရာကောင်းသော တိုက်

ပွဲရလာဒ်ကို “ယခုတွင် လောကကို အစိုးရသောမင်းသည် ပြင်သို့ နှင်ထုတ်ခြင်းကို ခံရလိမ့်မည်။” ယခုတွင် နောက်ဆုံးသော ရန်သူသည် ဖျက်ဆီးခြင်းကို ခံရမည်ဟု ကြွေးကြော်တော်မူခဲ့သည်။ (ST June 27, 1895, par. 7)

**လူသားများ သိသင့်သိထိုက်သော၊ သိနားလည်နိုင်သည့်အတိုင်းတာရှိသော ဘုရားသခင်၏ အကြောင်းအားလုံးကို သားတော်၏ အသက်တာအားဖြင့် ဖော်ပြခဲ့ပြီးဖြစ်သည်။** “ဘုရားသခင်ကို အဘယ်သူမျှ မမြင်ဖူးသော်လည်း ခမည်းတော်၏ ရင်ခွင်၌ရှိသော တစ်ပါးတည်းသော သားတော်သည် ဘုရားသခင်ကို ထင်ရှားစေတော်မူပြီ။” (ရှင်ယောဟန် ၁း ၁၈) လူ့ဇာတိကို ခံယူလျက် လူသားများနှင့် တလုံးတဝတည်းဖြစ်လာရန်နှင့် တစ်ချိန်တည်းတွင် ခမည်းတော်ဘုရားကို အပြစ်နဲ့ ပြည့်နေသော လူသားများထံဖော်ပြရန် ခရစ်တော် ကြွလာခဲ့သည်။ သူသည် မိမိညီအစ်ကိုတို့နှင့် လုံးလုံးတူရ၏။ ကျွန်တော်တို့ နည်းတူ လူ့အသွေးသားဖြစ်လာ၏။ ဗိုက်ဆာတတ်၏။ ရေဆာတတ်၏။ အားနည်းတတ်၏။ အားပြည့်ရန် အစာစားရန်လိုအပ်၏။ လန်းဆန်းအားပြည့်လာရန် အိပ်စက်အနားယူရန် လိုအပ်သည်။ သူသည် လူသားလုံးလုံးဖြစ်သော်လည်း အပြစ်ကင်းသော ဘုရားသခင်၏ သားတော်လည်းဖြစ်သည်။ သူသည် ဤလောကသို့ အလည်လာခဲ့သူ၊ ခရီးသည်တစ်ဦးဖြစ်ခဲ့သော်လည်း လောကီသားတစ်ယောက် မဖြစ်ခဲ့ပါ။ သူသည် ယနေ့ လူယောကျ်ား၊ မိန်းမတို့နည်းတူ စမ်းသပ်၊ စုံစမ်းခြင်းကို ခံခဲ့ရသော်လည်း အပြစ်ကင်းသော အသက်တာဖြင့် အသက်ရှင်သူဖြစ်သည်။ သူသည် နူးညံ့သိမ်မွေ့၏။ စာနာထောက်ထားတတ်၏။ သနားကြင်နာတတ်၏။ အခြားသူများအဖို့ စဉ်းစားပေးတတ်၏။ ခမည်းတော်၏ စရိုက်လက္ခဏာကို ထင်ရှားစေ၏။ ဘုရားသခင်နဲ့ လူသားများအတွက် အမြဲမပြတ် အမှုတော်ထမ်းဆောင်၏။ (8T 286)

သားတော်၏ အသက်တာတွင် ဘုရားသခင်၏ စရိုက်လက္ခဏာ မည်သည့် အတိုင်း အတာထိ ထင်ရှားခဲ့သနည်း။

"**ဘုရားသခင်၏ စရိုက်လက္ခဏာအလုံးစုံသည် သားတော်၏ အသက်တာထဲတွင် ထင်ရှားခဲ့သည်။** ကောင်းကင်၏ အလျား၊အနံ၊အလုံးစုံကို လူသားများ လက်ခံနိုင်သည့် အတိုင်းတာအတိုင်း အနှိုင်းမဲ့ဘုရားရှင်၏ သားတော်အထဲတွင် ဖော်ပြပေးခဲ့သည်။ ဘုရားသင်အပေါ် လူသားများ၏ တုံ့ပြန်နိုင်မှု နည်းလမ်းများကို ကန့်သတ်မထားပါ။ ကယ်တင်ရှင်၏ တုနှိုင်းမဲ့မေတ္တာတော် နက်နဲကြောင်း ဖော်ပြခဲ့ပြီဖြစ်သည်။ လူသားများအတွက် ဖော်ပြခဲ့သော ထိုမေတ္တာတော်သည် လူသားများကို သူ့ထံဆွဲခေါ်မသွားနိုင်လျှင် အခြားဆွဲခေါ်သွားနိုင်မည့်အရာ တစ်စုံတစ်ခုမျှ ရှိတော့မည် မဟုတ်ပါ။ (ST Dec 30, 1889, par. 6)

ခရစ်တော်၏ ခမည်းတော်နှင့် တစ်လုံးတစ်ဝတည်းရှိခြင်းသည် ဘုရားသခင်၏ **ထာဝရပျော်ရွှင်မှုဖြစ်သည်။ ကမ္ဘာကြီးတွင် သူ့အကြောင်း မဟုတ်မမှန် မဖော်ပြမည့်သူ တစ်ဦးရှိကြောင်း သူသိသောကြောင့်လည်းဖြစ်သည်။ ခရစ်တော်၌ ဘုရားသခင်၏ စရိုက်လက္ခဏာကို ကျွန်ုပ်တို့ မြင်နိုင်သည်။ သူ၏ တပည့်တော်များသည်လည်း တစ်လုံးတစ်ဝတည်းရှိနေရန် ခရစ်တော်အလိုရှိ၏။ ထိုသို့ တစ်လုံးတစ်ဝတည်းဖြစ်နိုင်ရန်အတွက်လည်း သူဆုတောင်းပေးခဲ့သည်။** (ရှင်ယောဟန် ၁၇: ၁၇-၂၁) (14MR 220.2)

ခရစ်တော်၏ အသက်တာ၌ သူ၏စရိုက်လက္ခဏာများ ရောင်ပြန်ဟပ်နေသည်ကို ဘုရားသခင် မြင်တွေ့ရသည်။ ဘုရားသခင်သည် လူ့အသွေးသားအားဖြင့် ထင်ရှားတော်မူ၏။ အကြောင်းမှာ သူ၏ အကျင့်၊ စရိုက်အားလုံး၏ ဖြစ်တည်မှုသည် ခရစ်တော်၏ အသက်တာထဲတွင် ထင်ရှားခဲ့သောကြောင့်ဖြစ်သည်။ ဘုရားသခင်သည် လူ့အသွေးသားထဲတွင် ထင်ရှားခဲ့ခြင်းသည် ကောင်းကင်သားများအတွက်ပင်လျှင်

အံ့ဖွယ်ဖြစ်ခဲ့သည်။ "ထိုနက်နဲသောအရာသည် မျိုးဆက်ပေါင်းများစွာ၊ နှစ်ထောင်ပေါင်းများစွာ ကွယ်ဝှက်ထားသောအရာ ဖြစ်ပါသည်။" (ST April, 1897 par. 10)

**ကျွန်ုပ်တို့အတွက် သူလုပ်ပေးနိုင်သောအရာမှန်သမျှ ဘုရားသခင်လုပ်ပေးခဲ့သည်။ သူ၏ စုံလင်သော သဘောသဘာဝ၊ စရိုက်တော်ကိုလည်း သားတော်၏အသက်တာ၌ ပြသတော်မူ၏။ ဘုရားသခင်၏ တုနှိုင်းမဲ့ကောင်းမြတ်ခြင်းကို တွေ့မြင်၍ သူ့ပုံသဏ္ဍာန်တော်နည်းတူ တိုးတက်ဖြစ်လာနိုင်ရန် ကြိုးစားရန်မှာ ခရစ်တော်၏ နောက်လိုက်အားလုံး၏ တာဝန်ဖြစ်သည်။** နောက်တော်လိုက်သူများအနေဖြင့် ယေရှုကို မျက်မှောက်ပြု၍ သူ့မေတ္တာတော်ကို ချစ်တုံ့ပြန်ခြင်းအားဖြင့် ခရစ်တော်၏ သဏ္ဍာန်တော်ကို ပြန်လည်ရောင်ပြန်ဟပ်နိုင်မည်ဖြစ်သည်။ (RH Feb 15, 1898)

စာတန်သည် သူ့စရိုက်လက္ခဏာများဖြင့် ဘုရားသခင်ကို ပုံဖော်ခဲ့သည်။ **ခရစ်တော်သည် ဘုရားသခင်၏ ပုံသဏ္ဍာန်တော်အမှန်ကို အရှိကိုအရှိတိုင်းဖော်ပြရန် ဤလောကသို့ ကြွလာခဲ့သည်။** သူသည် စုံလင်သော ခမည်းတော်၏ ပြယုဂ်ဖြစ်သည်။ သူ၏ အပြစ်ကင်းသောအသက်တာ၊ လူ့ဇာတိဖြင့် လူ့လောက၌ ရှင်သန်ခဲ့သော အသက်တာတို့သည် ဘုရားသခင့်အကြောင်း စာတန်၏ စွပ်စွဲချက်တို့ မဟုတ်မမှန်ကြောင်း ပြန်လည်ချေပ သက်သေပြချက်ပင်ဖြစ်သည်။ (Bible Training School Oct 1, 1902)

ခရစ်တော်သည် ကျွန်တော်တို့ လိုက်လျှောက်အတုခိုးရမည့် ကောင်းမြတ်စုံလင်၊ သန့်ရှင်းသော ပုံသက်သေဖြစ်သည်။ (Ms 65, 1894)

**ခရစ်တော်တစ်ပါးတည်းကသာလျှင် ခမည်းတော်ကို လူသားများထံ ထင်ရှားပြသနိုင်၏။ ထိုပြသချက်ကို တပည့်တော်များအနေဖြင့် သုံးနှစ်လုံးလုံး မြင်တွေ့ခွင့် ရရှိခဲ့ကြသည်။** (DA 664)

"ခမည်းတော်ဘုရား၏ စရိုက်၊သဏ္ဍာန်တော်ကို ဤလောက၌ ဖော်ပြရန်နှင့် ဘုရားသခင်ကို ဝိညာဉ်နှင့် သမ္မာတရားဖြင့် လူသားများက ကိုးကွယ်နိုင်ရန် ဘုရားသခင်၏ သားတော်အဆင့်ထက် မနိမ့်သော ကောင်းကင်မှ မြတ်ဆရာတစ်ပါး ဤလောက၌ ကြွဆင်းလာခဲ့သည်။ ပွဲတော်များ၊ စည်းကမ်းများ အတိအကျ လိုက်လျောက်နိုင်ခြင်းသည် ကယ်တင်ခြင်းကို မပေးစွမ်းနိုင်ကြောင်း လူသားများကို ခရစ်တော်ပြသခဲ့၏။ အကြောင်းမှာ ဘုရားသခင်၏နိုင်ငံတော်သည် သဘာဝအားဖြင့် ဝိညာဉ်ရေးနှင့် ဆိုင်၏။ အမှန်တရားမျိုးစေ့ စိုက်ပျိုးရန် ခရစ်တော် ဤလောက၌ ကြွလာခဲ့သည်။ ဉာဏ်ပညာဘဏ္ဍာတိုက်၏ သော့အားလုံးကို သူကိုင်ထား၏။ သူသည် ကယ်တင်ခြင်းအတွက် လိုအပ်သောသိပ္ပံပညာ၏ တံခါးတို့ကို ဖွင့်နိုင်သောသူ၊ မတွေ့ရှိရသေးသော အသိပညာသိုမှီးရာတိုက်များကို ဖော်ထုတ်သူဖြစ်သည်။ အမှန်တရား အပိုင်းစအားလုံးသည် လူသားအားလုံးအတွက် အလင်းဆောင်ကျဉ်းပေးသူ၊ ကမ္ဘာကြီးကို အလင်းပေးသူ၏ သက်သေများဖြစ်သည်။ **ဘုရားသခင်အကြောင်းနှင့်ပတ်သက်၍ ရန်သူ၏ ပုံဖော်ချက်များနှင့် လုံးလုံးဆန့်ကျင်သော မတူကွဲပြားသော ဘုရားသခင့်အကြောင်းများ လူသားများထံ သူချပြခဲ့သည်။ လူသားများထံ ခမည်းတော်၏ မေတ္တာတော်ဖြစ်သော "ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှာ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။"ဟူသော ဖခင်မေတ္တာကို ပြသနိုင်ရန် သူကြိုးစားခဲ့သည်။** (ရှင်ယောဟန် ၃း၁၆) ဆုတောင်းခြင်း၊ နောင်တရခြင်း၊ အပြစ်ကို ဝန်ချတောင်းပန်ခြင်း၊ အပြစ်ကိုစွန့်လွှတ်ခြင်းတို့ မရှိမဖြစ် လိုအပ်ကြောင်း တိုက်တွန်းနှိုးဆော်ခဲ့သည်။ လူသားများကို ရိုးသားခြင်း၊ သည်းခံစိတ်ရှည်ခြင်း၊ သနားကြင်နာခြင်း၊ စာနာထောက်ထားခြင်း၊ မိမိအပေါ် ချစ်မြတ်နိုးသူများအပေါ်၌သာ မဟုတ်ဘဲ၊ မိမိကို မုန်းတီးသူများအပေါ်တွင်လည်းကောင်း၊ အထင်သေးစော်ကားသူများအပေါ်တွင်လည်းကောင်း မေတ္တာထား

နိုင်ရန် သွန်သင်ခဲ့သည်။ ထိုသို့သွန်သင်ခြင်းအားဖြင့် ချစ်သနားခြင်း မေတ္တာကရုဏာနှင့် ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့် ကြွယ်ဝတော်မူသော ခမည်းတော်ဘုရား၏ သဘောသဘာဝကို သူတို့အပေါ် ဖော်ပြနေခြင်းလည်း ဖြစ်သည်။ ထိုသွန်သင်ချက်များ နားထောင် လိုက်လျောက်သူများသည် ဝိညာဉ်ပြန်လည်သန့်စင်၊ သစ်လွင်လာစေရန် အားပေးခြင်း၊ အသိဉာဏ် ဖွင့်ပေးခြင်းအတွက် တာဝန်ပေးခံရသော ကောင်းကင်တမန်များ၏ အကွယ်ကာတော်အောက်၌ နေရ၏။ (CE 74. 1)

**ဤလောက၌ သူ၏မစ်ရှင်နှင့်ပတ်သက်၍ ယေရှုက** "ထာဝရဘုရား၏ ဝိညာဉ်တော်သည် ငါ့အပေါ်၌ တည်တော်မူ၏။ အကြောင်းမူကား ဆင်းရဲသားတို့အား ဝမ်းမြောက်စရာသတင်းကို ကြားပြောစေခြင်းငှာ ငါ့ကို ဘိသိက်ပေးတော်မူပြီ။ ကြေမွသောသူတို့၏အနာကို ပျောက်စေခြင်းငှာလည်းကောင်း၊ ဖမ်းသွားချုပ်ထားလျက်ရှိသော သူတို့အား လွှတ်ခြင်းအကြောင်းနှင့် မျက်စိကန်းသောသူတို့အား မျက်စိမြင်ပြန်ခြင်းအကြောင်းကို ပြစေခြင်းငှာလည်းကောင်း၊ ညှဉ်းဆဲခံရသောသူတို့ကို ကယ်မစေခြင်းငှာလည်းကောင်း"ဟု မိန့်တော်မူခဲ့သည်။ (လုကာ ၄း ၁၈-၁၉) ထိုအရာများသည် သူ့အလုပ်များဖြစ်သည်။ သူသည် စာတန်၏ ဖိနှိပ်ခြင်းခံရသူများကို ကယ်လွှတ်ကုသပေးကာ၊ ကောင်းမှုများ ဆက်လက် ပြုလုပ်လျက်ရှိ၏။ ထိုအချိန်၌ တစ်ရွာလုံးတွင် နေမကောင်းခြင်းကြောင့် ညည်းတွားသံ တစ်သံမျှ မကြားရသော ရွာများရှိခဲ့သည်။ အကြောင်းမှာ ထိုရွာများကို ယေရှု ဖြတ်လျောက်သွားစဉ် အကုန်အစင် ကုသပျောက်ကင်းစေခဲ့သောကြောင့်ဖြစ်သည်။ သူ့လုပ်ဆောင်ချက်များက သူ့အပေါ်တွင် ထာဝရဘုရား၏ ဝိညာဉ်တော်တည်နေကြောင်း သက်သေပြနေ၏။ **သူ့အသက်တာ တစ်လျောက်လုံးတွင် ချစ်ခြင်းမေတ္တာ၊ သနားကြင်နာခြင်းနှင့် စာနာထောက်ထားတတ်သည့် စိတ်ထားများ ထင်ရှားနေ၏။ လူသားများအဖို့ သူ၏နှလုံးသားသည် သနားကြင်နာမှုဖြင့် ပြည့်လျှံနေ၏။ လူသားများ၏ လိုအင်ဆန္ဒများ ဖြည့်ဆည်းပေးနိုင်**

**ရန် လူ့ဇာတိကို ခံယူတော်မူခဲ့သည်။** အနိမ့်ကျဆုံးသော၊ အဆင်းရဲဆုံးသောသူများ ကပင် သူ့ကိုခင်မင်ချဉ်းကပ်ဝံ့ကြသည်။ ကလေးငယ်တိုင်းကလည်း သူ့ကို နှစ်သက်ကြသည်။ ကိုယ်တော်၏ ပေါင်ပေါ်တက်ကာ၊ နူးညံ့သိမ်မွေ့ပြီး ကြင်နာတတ်သော မျက်နှာတော်ကို ဖူးမြော်လိုကြသည်။ အမှန်တရားဖြင့် လူများကို မတိုက်ခိုက်ဘဲ၊ မေတ္တာဖြင့် မှန်သောစကားကို ဆို၏။ လူများနှင့် ဆက်ဆံသောအခါ လိမ္မာပါးနပ်စွာ၊ ဆင်ဆင်ခြင်ခြင်ဖြင့် အရေးတယူအာရုံစိုက်ကာ ဆက်ဆံ၏။ သူသည် ကြမ်းတမ်းစွာ မပြုမူ။ မလိုအပ်ဘဲ ပြင်းထန်သော စကားကို မသုံး။ ထိရှလွယ်သော ဝိညာဉ်အပေါ် မလိုအပ်ဘဲ နာကျင်မှု မသက်ရောက်စေပါ။ **သူတော်ကောင်းယောင်ဆောင်သူများ၊ စိတ်နှလုံးခိုင်မာသူများနှင့် အပြစ်တရားကို လူသိရှင်ကြား ရှုတ်ချတတ်၏။ သို့သော် ပြင်းထန်သော စကားလုံးများနှင့် ဆုံးမသွန်သင်ရသည့် အခါတိုင်း သူ့အသံထဲတွင် မျက်ရည်များ ပါနေတတ်၏။** အသက်၊ လမ်းခရီးနှင့် သမ္မာတရားဖြစ်သော သူ့ကို ငြင်းငယ်ခဲ့သော၊ သူချစ်သော ယေရုရှလင်မြို့အတွက် သူငိုကြွေးခဲ့သည်။ ကယ်တင်ရှင်ကို သူတို့ ငြင်းပယ်ခဲ့ကြသော်လည်း သူတို့အပေါ် သနားကြင်နာမှုဖြင့် ကြည့်ရှုတော်မူ၏။ သူ့အသက်တာသည် မိမိအလိုကို ငြင်းပယ်ခြင်း၊ သူတစ်ပါးအတွက် ဂရုစိုက်ပေးသော အသက်တာဖြစ်သည်။ ဝိညာဉ်တိုင်းသည် သူ့မျက်စိ၌ အဖိုးတန်၏။ ဘုရားဇာတိဖြင့် လွှမ်းခြုံထားသည့် အချိန်များတွင်ပင် ဘုရားသခင်၏ မိသားစုဝင် အားလုံးကို အသိမ်မွေ့ဆုံးဆက်ဆံကာ မိမိကိုယ်မိမိ နိမ့်ချတော်မူ၏။ ကျရှုံးသော ဝိညာဉ်များကို သူကယ်တင်ရမည့် မစ်ရှင်အဖြစ် သူမြင်၏။ **ထိုသို့သော အကျင့်စရိုက်များသည် သူ့အသက်တာထဲတွင် ကျွန်တော်တို့ မြင်တွေ့ရသော ခရစ်တော်၏ စရိုက်လက္ခဏာများဖြစ်သည်။ ထိုစရိုက်သည်ပင် ခမည်းတော်၏ စရိုက်လည်းဖြစ်သည်။ ခရစ်တော်၌ ထင်ရှားသော သနားကြင်နာခြင်း ကရုဏာတော် စမ်းချောင်းသည် ခမည်းတော်၏ နှလုံးသားမှလူသားများထံ စီးဆင်းနေပါသည်။ စာနာ၊ သနားကြင်နာ**

**တတ်သော ကယ်တင်ရှင်ယေရှုသည် လူ့အသွေးသားဖြင့် ဘုရားသခင်၏ ထင်ရှားပြခြင်း အချင်းအရာပင်ဖြစ်သည်။** ၁တိ ၃း ၁၆ (SC 11, 12)

ခရစ်တော်သည် ဘုရားဇာတိကို လူ့ဇာတိဖြင့် ဖုံးအုပ်ကာ၊ လူ့သဘော လူ့အသွေးသားကို ဆောင်ယူလျက် ဤလောကသို့ ကြွဆင်းလာခဲ့သည်။ လူသားများ၏ အတွေ့ကြုံများကို ကြုံတွေ့ရန်၊ အာဒံကျရှုံးခဲ့သော မြေကြီးအပေါ် လျှောက်လမ်းကာ ကျရှုံးခြင်းကို အဖတ်ဆယ်ရန်၊ ဘုရားသခင်နှင့် လူသားများ၏ ရန်သူကို တွေ့ဆုံအောင်နိုင်ရန်၊ ကရုဏာတော်အားဖြင့် လူသားများသည် အောင်နိုင်သူများဖြစ်လာကာ၊ သူ့ပလ္လင်တော်ထက်တွင် သူနှင့်အတူ နေရာရနိုင်ရန် ကြွလာခဲ့သည်။ အသက်ရှင်သခင်ဖြစ်သော ခရစ်တော်နှင့် မှောင်မိုက်ရှင်သခင်ဖြစ်သော စာတန်အကြား ကြီးစွာသော တိုက်လှန်ပွဲကြီး ဤကမ္ဘာငယ်လေးတွင် တိုက်တော့မည်ဖြစ်သည်။ **ပညတ်တော်ကို ကျူးလွန်ခြင်းကြောင့် လူသားသည် နတ်ဆိုး၏ ဘက်တော်သားဖြစ်သွားကာ စာတန်၏ အထိန်းချုပ်ခံ၊ ဘုရားသခင်၏ ရန်သူဖြစ်သွားရသည်။ စာတန်သည် ဘုရားသခင်၏ စရိုက်တော်ကို လိမ်လည်ပုံဖော်ခဲ့သောကြောင့် ဘုရားသခင်၏ ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းခံရသော လူသားများသည် ကောင်းကင်အဖ ခမည်းတော်၏ မေတ္တာတော်အပေါ် သံသယစိတ်ဝင်သွားတော့သည်။** သူ့နှုတ်ကပတ်စကားတော်အပေါ် မယုံမကြည်ဖြစ်လာသည်။ မိမိလိုအပ်ချက်များကို ဆန့်ကျင့်ကာ ခေါင်းမာသော မယုံကြည်သော လူသားအဖြစ် မိမိကိုယ်မိမိ ထားရှိသွားတော့သည်။ (BEcho Nov 1, a892, par.2)

ခရစ်တော်သည် ခမည်းတော်၏ စရိုက်လက္ခဏာတော်ကို ပုံဆောင်ထင်ရှားစေရန်၊ လူသားကို ဘုရားသခင်၏ နိုင်ငံတော်သို့ ပြန်လည်ပို့ဆောင်ပေးရန်နှင့် ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်စေရန် ကြွလာခဲ့သည်။ လူသားသည် သူ့အရှင်သခင်ကို ရွေးချယ်နိုင်စေရန် ရန်သူနှင့်ရင်ဆိုင်ကာ ရန်သူ၏ ဟန်ဆောင်လုပ်ရပ်များကို ဖော်ထုတ်သွား

ခဲ့သည်။ စာတန်သည် လူစီဖာ၊ အလင်းဘက်တော်သား၊ ဘုရားသခင်၏ ဘုန်းတော်ကို ကောင်းကင်၌ ခံယူဖူးသူ၊ ခရစ်တော်နောက်မှလိုက်၍ တန်ခိုးအာဏာအရာတွင် ဒုတိယဖြစ်ခဲ့သူဖြစ်သည်။ သမ္မာကျမ်းစာထဲတွင် သူသည် "ထူးဆန်းသော တံဆိပ်၊ ပညာနှင့်ပြည့်စုံ၍ တင့်တယ်ခြင်းအသရေလည်း စုံလင်၏"ဟု ဖော်ပြထားပါသည်။ ဖန်ဆင်းရှင်က သူ့အပေါ် ပေးအပ်ခဲ့သော တင့်တယ်ခြင်းအသရေ အခွင့်အာဏာကို အလွဲသုံးစားပြုခဲ့သောအကြောင့် သူ့အလင်းသည် မှောက်မိုက်ဖြစ်သွား၏။ ပုန်ကန်မှုကြောင့် ကောင်းကင်မှ နှင်ထုတ်ခံရပြီးနောက် လူသားကို သူ့သားကောင်ဖြစ်စေလျက်၊ ကမ္ဘာလောကကို သူ့နိုင်ငံတော်ဖြစ်စေရန် ဆုံးဖြတ်ခဲ့သည်။ ပုန်ကန်မှုကြောင့် ခံရသော အပြစ်တင်ချက်များကို ခရစ်တော်အပေါ် လွှဲချလျက်၊ ဘုရားသခင်ကို မုန်းတီးစိတ်ဖြင့် လူသား၏ ကျရှုံးမှုကိုအကြောင်းပြုကာ ဘုရားသခင်ကို နာကျင်စေရန် ဆုံးဖြတ်ခဲ့သည်။ ဧဒင်ဥယျာဉ်ထဲတွင်ရှိသော ပျော်ရွှင်ငြိမ်သက်ခြင်းကို တွေ့သောအခါ သူဆုံးရှုံးခဲ့ရသော ကောင်းချီးမင်္ဂလာများကို မြင်ယောင်၏။ ထို့ကြောင့် ဘုရားသခင်၏ ဖန်ဆင်းခံသတ္တဝါများ၏ စိတ်နှလုံးထဲတွင် သူခံစားရသော စိတ်ကြေကွဲမှုကို နှိုးဆွဖြစ်ပွားစေနိုင်ရန် စိတ်ပိုင်းဖြတ်သွားတော့သည်။ ထိုသို့ ကြိုးစားခြင်းအားဖြင့် သူတို့ ဘုရားသခင်ကို ရည်ညွှန်း၍ သီဆိုသော ချီးမွမ်းသီချင်းများ၊ ကျေးဇူးတော် ချီးမွမ်းခြင်းများသည် သူတို့ ဖန်ဆင်းရှင်အပေါ် အပြစ်တင်ချက်များအဖြစ် ပြောင်းသွားစေနိုင်ရန် သူကြိုးစားတော့သည်။ (BEcho, Nov, 1, 1892, par. 3)

ကြီးမြတ်သောဆရာဝန်သည် က ဝေဒနာခံစားနေရသော လူသားများကို ခန္ဓာကိုယ်အတွက် အလင်း၊ ဝိညာဉ်အတွက် အသက်နှင့် ပြန်လည်သင့်မြတ်ခြင်း ပေးစွမ်းနိုင်ရန် သူတို့ကိုယ်စား အစွမ်းကုန် ကြိုးစားလျက်ရှိ၏။ ဘာကြောင့်လဲ။ စာတန်သည် ဤလောကသို့ ဆင်းလာကာ လူသားများကို နှောင့်ယှက်သွေးဆောင်နေ၏။ အပြစ်ကြောင့် နာကျင်မှုဝေဒနာများ၊ နေမကောင်းဖျားနာခြင်း အမျိုးမျိုး ကျရောက်လာရသည်။ ကျွန်တော်တို့ စိုက်ခဲ့သည့်အတိုင်း ရိတ်သိမ်းရခြင်းဖြစ်သည်။ **လူသားများ**

**ခံစားရသော ဝေဒနာများသည် ပညတ်တော်ကို ချိုးဖောက်ခြင်း၏ အကျိုးဆက်ဖြစ်သော်လည်း စာတန်က နောက်ပိုင်းတွင် ဘုရားသခင်ကြောင့်ဖြစ်သည်ဟုဆိုကာ အပြစ်တင်စွပ်စွဲစေသည့် အခြေနေဖြစ်စေခဲ့သည်။ ဘုရားသခင်သည် မဟုတ်မမှန် စွပ်စွဲခံခဲ့ရကာ၊ သူ့အကျင့်စာရိတ္တတော်သည်လည်း လှည့်ဖြားပုံဖော်ခြင်းခံခဲ့ရသည်။** စာတန်ပြုခဲ့သော မကောင်းမှုများကြောင့် ဘုရားသခင် စွပ်စွဲခံနေသည်။ ရန်သူ၏ ထိုကဲ့သို့ မဟုတ်မမှန် စွပ်စွဲချက်များကို ဖော်ထုတ်မည့် လူတစ်စု ဘုရားသခင်၌ ရှိ၏။ ကျန်းမာခြင်းဆိုင်ရာ ဧဝံဂေလိသတင်းကောင်း အလင်းကို သူတို့အပေါ် ပေးအပ်ခဲ့သည်။ သူတို့သည် ကိုယ်တော်၏ ကိုယ်စားလှယ်များအနေဖြင့် အခြားသူများထံ ထိုအလင်းကို ထပ်မံဝေငှရန်ဖြစ်သည်။ (Christian Educator, Oct, 1, 1898 par. 9)

ကောင်းကင်သားအားလုံးတို့သည် လူသားများအတွက် ကယ်တင်ခြင်း စီမံကိန်း အလျှင်အမြန်ပြီးမြောက်၍၊ ဘုရားသခင်၏ နိုင်ငံတော် တည်ထောင်ကာ၊ ပင်လယ်ပြင်သည် ရေများဖြင့် ဖုံးလွှမ်း၊ ပြည့်ဝနေသကဲ့သို့ ကမ္ဘာလောကကြီးသည် ဘုရားသခင်အကြောင်း သိခြင်း အသိပညာများဖြင့် ဖုံးလွှမ်းပြည့်ဝနေမည့်အချိန်ကို စိတ်ဝင်စားနေကြသည်။ ကောင်းကင်၏ အလိုတော်သည် မကြာခဏ မှားယွင်းစွာ ဖော်ပြခံနေရသော ဘုရားသခင်၏ စာရိတ္တတော်သည် ရန်သူ၏ အကြံစည်များဖြင့် လိမ်လည်ခံရသူများရှေ့တွင် အရှိကိုအရှိတိုင်း၊ မှန်မှန်ကန်ကန် ပြသလာမည့် အချိန်ပင်ဖြစ်သည်။ သူ့စရိုက်လက္ခဏာများသည် ဘုရားသခင်၏စရိုက်ဖြစ်သည်ဟု စာတန်က ဘုရားသခင်ကို စွပ်စွဲ၏။ ယခုချိန်သည် အရိုင်းစိုင်းများအကြား ခရစ်တော်၏ နာမတော်ကို ချီးမြောက်ရမည့်အချိန် မဟုတ်လော။ စာတန်၏ ဘက်တော်သားများအပေါ် ပြတ်ပြတ်သားသား စစ်တိုက်ရန်အလို့ငှာ အလင်းခံယူသူများကို စုစည်းထားရန် ဘုရားသခင် မိန့်တော်မူပြီ။ (HM Sep, 1, 1892 par. 6)

ကျဆုံးလူသားများအတွက် တစ်ခုတည်းသော မျှော်လင့်ချက်ကို ဘုရားသခင်နဲ့ ပြန်လည်သင့်မြတ်ခြင်း၌သာ တွေ့နိုင်သည်။ **စာတန်သည် ဘုရားသခင်အကြောင်း မတရားလိမ်ညာခဲ့လွန်းသောကြောင့် လူသားများ၏ စိတ်ထဲတွင် ဘုရားသခင်၏အကျင့်စရိုက်နှင့်ပတ်သက်၍ စစ်မှန်သော ယုံကြည်ခံယူချက်များ ပျောက်ကုန်သည်။ ခရစ်တော်သည် ဤလောကသို့ ကြွလာကာ၊ ကယ်တင်ခြင်း စီမံကိန်းကို အကောင်ထည်ဖော်လျက်၊ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူကြောင်း ထင်ရှားဖော်ပြတော်မူခဲ့သည်။** (Messenger, June 7, 1893 par. 2)

လူသားများထံ ခမည်းတော်အကြောင်း ဖော်ပြရန် ခရစ်တော်ကြွလာခဲ့သည်။ ဘုရားသခင်၏ သဘောသဘာဝ၊ အကျင့်စရိုက်ကို လောကကို ပြသခဲ့သည်။ **စာတန်သည် ခမည်းတော်ဘုရားအကြောင်း မဟုတ်မမှန် လိမ်လည်ပုံဖော်ခဲ့၏။ ဘုရားသခင်သည် ဂလဲစားလိုစိတ်အပြည့်ရှိသူ၊ စိတ်ရှည်သည်းခံစိတ်မရှိသူ၊ ကရုဏာမထားသူ၊ ချစ်ခြင်းမေတ္တာမရှိသူအဖြစ် ပုံဖော်ခဲ့သည်။ သူ့စရိုက်များဖြင့် ဘုရားသခင်ကို ပုံဖော်ခဲ့သည်။ သို့သော်လည်း ခရစ်တော်ကြွလာ၍ လူ့ဇာတိခံယူကာ ခမည်းတော်၏ စစ်မှန်သော စရိုက်လက္ခဏာတော်ကို လူသားများထံ ပြသခဲ့သည်။** ခရစ်တော်သည် ခမည်းတော်ကို ကိုယ်စားပြု၍ ဘုန်းထင်ရှားစေခဲ့သကဲ့သို့ ကျွန်တော်တို့လည်း ခရစ်တော်ကို ကိုယ်စားပြု၍ ဘုန်းတော်ထင်ရှားစေရန်ဖြစ်သည်။ (RH, April 30, 1889 par. 8)

**စာတန်သည် ဘုရားသခင်၏ စာရိတ္တတော်ကို မဟုတ်မမှန် လိမ်လည်ပုံဖော်ခဲ့သည်။ သူ့စရိုက်လက္ခဏာများဖြင့် ဖုံးအုပ်ထား၏။ နားလည်မှုမရှိဘဲ၊ တင်းကျပ်ခက်ထန်သူအဖြစ် ပုံဖော်၏။** ဘုရားသခင်နှင့် လူသားအကြားတွင် သူ့အရိပ်ကို ချထားလျက် ဘုရားသခင်၏ စရိုက်အမှန်ကို ကမ္ဘာကြီးက မမြင်နိုင်ရန် ကာပိတ်ထား၏။ **ထိုအရပ်ကို ဖယ်ရှားပစ်ရန် ခရစ်တော်ကြွလာခဲ့သည်။ ခမည်းတော်၏ ကိုယ်စားလှယ်အဖြစ် သူကြွလာခဲ့သည်။ "ငါ့ကိုမြင်သောသူသည် ငါ့ခမည်းတော်ကိုလည်းမြင်၏"ဟု**

**မိန့်တော်မူခဲ့သည်။ သူသည် ခမည်းတော်ဘုရားနှင့် တစ်လုံးတစ်ဝတည်းဖြစ်သကဲ့သို့ တပည့်တော်များလည်း သူနှင့်အတူ တစ်လုံးတစ်ဝတည်းရှိနေနိုင်ရန် ဆုတောင်းပေးခဲ့သည်။ လူသားများအဖို့ ခရစ်တော်နှင့် တစ်လုံးတစ်ဝတည်း နေနိုင်ရန်မဖြစ်နိုင်ပါ။ သို့သော်လည်း သူ့အသက်တော်ဖြင့် အနစ်နာခံပေးခြင်းအားဖြင့် သူထံသို့ ကျွန်ုပ်တို့ ကို ခေါ်ဆောင်ကာ သူနှင့်တစ်လုံးတစ်ဝတည်းရှိနေနိုင်ရန် လမ်းစဖွင့်ပေးခဲ့ပါသည်။** ကျွန်တော်တို့ ဘာကြောင့် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်နှင့် တန်ခိုးတော်အပေါ် သံသယစိတ်ရှိရမလဲ။ ဘာကြောင့် ကျွန်တော်တို့ မယုံကြည်ဘဲ နေရမလဲ။ ခရစ်တော်၏ နှစ်လိုဖွယ်ကောင်းသော စာရိတ္တတော်ကို မြင်ဖူးပါသလား။ သူ့ခြေရာတော်နောက်သို့ လိုက်လျှောက်နိုင်ရန် ကြိုးစားပါ။ သူသည် ခမည်းတော်ကို လောကသားအများတွက် ပြသရန် ကြွလာခဲ့သည်နည်းတူ ကျွန်ုပ်တို့သည်လည်း သူ့မေတ္တာတော်၊ သန့်ရှင်းခြင်း၊ ကောင်းမြတ်ခြင်းနှင့် သနားကြင်နာစိတ်များ အခြားသူများထံ ပြသနိုင်ရန် တာဝန်ပေးအပ်ခဲ့ပါသည်။ (ST, April 15, 1889 par. 6)

ခမည်းတော်အကြောင်း ကိုယ်စားပြုဖော်ထုတ်ပြသရန် ယေရှု ဤလောက၌ ကြွလာခဲ့သည်။ “ငါ့ကိုမြင်သောသူသည် ခမည်းတော်ကိုလည်း မြင်၏”ဟု မိန့်တော်မူခဲ့၏။ စာတန်သည် ခမည်းတော်အကြောင်း မဟုတ်မမှန် သရုပ်ဖော်ကာ လွဲမှားသော အလင်းတရားအောက်၌ ပြသထား၏။ သို့သော်လည်း ခမည်းတော်ဘုရား၏ ကျရှုံးလူသားများအတွက် မေတ္တာတော်နှင့် သနားကြင်နာခြင်းကရုဏာတော်အကြောင်း ဖော်ထုတ်ပြသရန် ယေရှုကြွလာခဲ့သည်။ ဘုရားသခင်၏ အစေခံဟု မိမိကိုယ်မိမိ ကြေငြာထားသူများသည် မျက်နှာထားညိုးငယ်ကာ၊ အမြဲလိုလို ညည်းညူတတ်ကြသောကြောင့် သူတို့၏ ကောင်းကင်ခမည်းတော်ကို အမြင်မှားစရာဖြစ်အောင် လုပ်တတ်ကြသည်။ သူတို့အပြုသည် ဘုရားသခင်အကြောင်း စာတန်၏ သရုပ်ဖော်ချက်များမှန်ပါသည်ဟု လက်ခံနေသယောင် ရှိနေ၏။ “ဘုရားသခင့် အမှုတော် ထမ်းဆောင်ရတာမလွယ်ဘူး။ ပညတ်တော်စောင့်နေရတာကိုက အကျဉ်းသားဘဝလိုပဲ” ဟု လော

ကကြီးကို ပြောပြတတ်ကြသည်။ ထိုကဲ့သို့သော စကားလုံး မှားနေပါသည်။ လူကို လက်ထိပ်ခတ်သောအရာသည် အဘယ်အရာနည်း။ ပညတ်တော်ကို စောင့်ရှောက်ခြင်းလော။ လုံးဝမဟုတ်ပါ။ ပညတ်တော်ကို စောင့်ရှောက်သူများသည် လွတ်လပ်စွာ သွားလာရ၏။ ပညတ်တော်ကို ချိုးဖောက်သူများသာ အကျဉ်းချခံရ၏။ ပညတ်တော်၏ ကျိန်စာသည် ကယ်တင်ရှင်အပေါ် ယုံကြည်ခြင်းဖြင့် ဘုရားသခင့် အကျင့်သီလများအတိုင်း လိုက်လျောက်နိုင်ရန် ကြိုးစားအားထုတ် သူများအတွက် မဟုတ်ပါ။ ထိုသို့သော လူများကို ခရစ်တော်က သူ၏ဖြောင့်မတ်ခြင်းဖြင့် လွှမ်းခြုံထားပေးသည်။ သူတို့သည် သခင်ယေရှုခရစ်အားဖြင့် ဘုရားသခင်နှင့် ငြိမ်းချမ်းစွာ နေရကြ၏။ (ST, sept 30, 1889 par. 7)

ယေရှု အမှုတော်ဆောင်နေစဉ် တစ်နေရာမှ တစ်နေရာသို့ လိုက်လံချောင်းမြောင်းခံခဲ့ရသည်။ ယဇ်ပုရောဟိတ်များနှင့် အုပ်ချုပ်သူများသည် သူ့လမ်းခရီး၌ ဝင်ပါနှောင့်ယှက်တတ်ကြ၏။ **သူတို့သည် ယေရှု၏ အမှုတော်ဆောင်ရွက်မှုများကို မဟုတ်မမှန်ဖော်ပြတတ်ကြသည်။ သူသည် သူ့လူမျိုးများထံ ကြွလာခဲ့သော်လည်း၊ သူ့အမျိုးသားချင်းတို့က သူ့ကို လက်မခံခဲ့ပေ။ ကောင်းကင်တမန်များက ထိုတိုက်ပွဲကို အစဉ်တစိုက် ကြည့်ရှုနေကြ၏။ ရန်သူ၏ သဘောထားနှင့် လုပ်ဆောင်ချက်များကိုလည်း သူတို့တွေ့ရကြသည်။** ဘုရားသခင်၏ သားတော်တစ်ဖက်၌ စာတန်အသုံးပြုသောလက်နက်များကို တွေ့ရသောအခါ သူတို့ အံ့အားသင့်သွားကြသည်။ **ယေရှုနောက်မှ ဘုန်းတန်ခိုးအရာ၌ ဒုတိယလိုက်ဖူးသူသည် ခရစ်တော်၏ ခြေလှမ်းတိုင်းကို မြို့တစ်မြို့မှတစ်မြို့သို့ အပြစ်ရှာရန် လူသားများကို စည်းရုံးသည်အထိ ဂုဏ်သိက္ခာနိမ့်ကျနေသည်ကို သူတို့တွေ့ရသည်။** ခရစ်တော် ဂေသရှေမာနေဥယျာဉ်ကို ရှာဖွေခဲ့စဉ်က ရန်သူက သူ့ဝိညာဉ်အပေါ် မှောင်မိုက်ဖြင့် ဖိနှိပ်ထား၏။ ထိုစစ်ဆေးခြင်း အချိန်နာရီတွင်ပင်လျှင် တပည့်တော်များ သူနှင့်အတူ ရှိမနေပေးခဲ့ကြချေ။ ဝေဒနာဖြင့် တုန်လှုပ်ဖျော့တော့နေသော နှုတ်ခမ်းများမှ ထွက်လာသော ဆုတောင်းသံများကို သူ

တို့ ကြားနေရသော်လည်း အိပ်စက်ခြင်းကို အရှုံးပေးကာ၊  ဝေဒနာ ခံစားနေရသော သူတို့သခင်ကို မှောက်မိုက်၍ အစွမ်းတန်ခိုးများနှင့် လုံးပန်းရန် တစ်ယောက်တည်း ပစ်ထားခဲ့ကြသည်။ (ST Nov, 25, 1889 par. 1)

**ခရစ်တော်ပြသခဲ့သည့်အတိုင်း ဘုရားသခင့်အကြောင်း မသိသေးသ၍ ဘုရားသခင့် ပုံသဏ္ဍာန်တော်နှင့် တူသောအသက်တာကို  ရရှိနိုင်မည်မဟုတ်ပါ။  ထို့ကြောင့် သူတို့ သည် ဘုရားသခင်ကို မည်သည့်အခါမျှ တွေ့ရမည်မဟုတ်။** ဤအချက်သည် ကောင်း ကင်တမန်များကပင်လျှင် အံ့အားသင့်ရသောအချက်ဖြစ်သည်။ ဘုရားသခင်ကို သိ ကျွမ်းခဲ့ပြီးသော  တစ်စုံတစ်ယောက်သည်  သတိမမူဘဲနေလျှင် ခဏသာ  သာယာမှု နောက်သို့လိုက်ကာ အသိစိတ်ကို ဘုရားသခင်ထံမှ လမ်းလွဲသွားစေလျက်၊ သူတို့၏ ဖန်ဆင်းရှင်ကို မေ့ပျောက်၍၊ ဘုရားသခင်နေရာ၌ အခြားသော သခင်၊ အခြားသော ဘုရားများကို အစားထိုးမိလိမ့်မည်။  ကိုးကွယ်ရာ သခင်၊ဘုရားများပြားသော အချိန် ကာလသည် ရောက်လျက်ရှိ၏။ စာတန်သည် ဘုရားသခင်နှင့် သူ့အကြားတွင် ကိုယ် တိုင်ကြားဖြတ်တိုးဝင်ကာ၊ လူသားများအနေဖြင့် ဘုရားသခင်၏ ပညတ်တော်စောင့် ရှောက်ခြင်းကို အလေးမထားစေရန် ကြံရွယ်နေ၏။ စာတန်သည် သူ၏ကောင်းကင် တမန် အဆောင်အယောင်များဖြင့် မိမိကိုယ်ကိုယ် လွှမ်းခြုံကာ အလင်းကိုဆောင်ယူ သော ကောင်းကင်တမန်သဖွယ်  လူသားများထံသွား၏။  အပြစ်ရှိသော ဝိညာဉ်များ ကို အပေါ်ယံဟန်ဆောင်မှုများကိုသာ  မြင်စေလျက်၊  ချစ်သင့်သောအရာကို မုန်းစေ လျက်၊ ရွံ့မုန်းသင့်သောအရာများကို ချစ်လာအောင် လုပ်နေ၏။ **ထိုသို့သောသူသည် ဘုရားသခင်ကို လွဲမှားစွာ အမြင်မှားနေပြီဖြစ်သောကြောင့် သူ့အသိစိတ်ထဲတွင် စစ် မှန်သော ထာဝရဘုရားကို ဂရုမစိုက်တော့ဘဲ ဘုရားတုများဘက်သို့ လှည့်သွား၏။ ဘုရားသခင်၏ မေတ္တာတော်သည် တုနှိုင်းမဲ့မေတ္တာတော်ဖြစ်ကြောင်း သူမသိတော့။ သို့သော်လည်း  ခရစ်တော်က  ထိုတုနှိုင်းမဲ့မေတ္တာတော်ကို  ကျရှုံးသောလောကကြီး အတွက် ပြသတော်မူခဲ့သည်။** ယောဟန်က ဘုရားသခင်၏  အံ့ဖွယ်မေတ္တာတော်ကို

ကြည့်ရှုရန် ကမ္ဘာကြီးကို ဖိတ်ခေါ်လျက်၊ "ဘုရားသခင်၏ သားတော်ဟု ခေါ်ဝေါ်ခြင်းအခွင့်ကို ငါတို့သည် ရမည်အကြောင်း၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ကြည့်ရှုဆင်ခြင်ကြလော့။ လောကီသားတို့သည် ဘုရားသခင်ကို မသိသောကြောင့် ငါတို့ကိုလည်း မသိကြ။"ဟု ပြောခဲ့သည်။ (RH March 9, 1897 par. 10)

စာတန်သည် ဘုရားသခင်အကြောင်း လွဲမှားစွာ ပုံဖော်ပြသကာ၊ ပုန်ကန်ရန် လူသားများကို သွေးဆောင်ခဲ့သည်။ သို့သော်လည်း **ခမည်းတော်၏ စစ်မှန်သော ပုံသဏ္ဍာန်တော်၊ စာရိတ္တတော်ကို သူ၏အသက်တာဖြင့် ပြသထင်ရှားစေရန် ခရစ်တော်ကြွလာခဲ့သည်။ သူသွားလေရာရာ၌ ခမည်းတော်သည် အနန္တမေတ္တာတော်နှင့် ပြည့်စုံသော၊ အကန့်သတ်မရှိသော ကရုဏာတော်ရှင်ဖြစ်ကြောင်း ပြသခဲ့သည်။** (ST, May 18, 1891 par. 2)

လူသားအနေဖြင့် ခရစ်တော်ဆောင်ရွက်ခဲ့သော အမှုတော်ထဲတွင် ဘုရားသခင်၏ သန့်ရှင်းစင်ကြယ်ခြင်းသည် ထင်ရှားလျက်ရှိ၏။ **အကြောင်းမှာ ခရစ်တော်သည် ခမည်းတော်ကို ပြသရန် ကြွလာခဲ့ခြင်းဖြစ်သည်။ စာတန်သည် လူသား၏ လမ်းခရီးတွင် သူ့အရိပ်မည်းကို ချထားကာ၊ ဘုရားသခင်၏ စာရိတ္တတော်ကို တလွဲပုံဖော်ခဲ့သည်။** စာတန်၏ တိုက်လှန်ပွဲသည် ကောင်းကင်ခုံရုံးမှ နှင်ထုတ်ခံရပြီးနောက်ပိုင်း အဆုံးမသတ်သေးပါ။ ဘုရားသခင်၏ တရားစီရင်ရာ ခုံရုံးတွင် ခရစ်တော်၏ ရာထူးကို သူမနာလိုခဲ့သည်။ နိမ့်ချခံရပြီးနောက်ပိုင်းတွင် ခရစ်တော်ကို ပိုမိုမုန်းတီးလာခဲ့သည်။ အပြစ်သားများအတွက် သူ့အကြင်နာ၊ ကရုဏာတော်ကို ပြသရန် ကျရှုံးပျက်စီးနေသော ဤလောကြီးတွင် ကြွလာခဲ့သောအခါ သူထပ်မံမုန်းတီးရပြန်သည်။ ယာဇ်ပရောဟိတ်များနှင့် ဖာရိရှဲတို့ကို အသုံးပြုကာ လောက၏အပြစ်ကို ဆောင်ယူသွား

သော ဘုရားသခင်၏ သိုးသူငယ်အပေါ် သူ့အမျက်ဒေါသကို ပြခဲ့သည်။ (ST, Dec, 11, 1893, par. 8)

အရေးပေါ် အခြေနေများကို ဘုရားသခင် မည်သို့ ကိုင်တွယ်ဖြေရှင်းကြောင်း ခရစ်တော်၏ ဤလောကအတွက် သာသနာတော်က ကျွန်ုပ်တို့ကို ပြသခဲ့ပါသည်။ စကြာဝဠာတစ်ခွင်လုံးအတိုင်းတာဖြင့် ကြုံတွေ့ရသော အကြီးမားဆုံး အရေးပေါ်အခြေနေသည် ကြီးစွာသော တိုက်လှန်ပွဲပင်ဖြစ်သည်။ ယေရှုခရစ်၏ အသက်တာထဲတွင် ခမည်းတော်ဘုရား လုပ်ဆောင်နေသောအရာများကို ကျွန်တော်တို့ တွေ့နိုင်သည်။

"ကောင်းသော ရှမာရိပုံပြင်သည် လောကကြီးအတွက် ခရစ်တော်၏မစ်ရှင်ကို ကိုယ်စားပြုနေသည်။ **ကျွန်ုပ်တို့၏ ကယ်တင်ရှင်သည် ဘုရားသခင်၏ စာရိတ္တတော်ကို ပြသရန်၊ လူသားများအတွက် ဘုရားသခင်၏ မေတ္တာတော်ကို ထင်ရှားစေရန် ကြွလာခဲ့သည်။ လိုအပ်သော အချိန်နာရီ၊ အရေးပေါ်အချိန်တိုင်း၌ ခမည်းတော်ဘုရား ကိုင်တွယ်ဖြေရှင်းမည့်ပုံစံအတိုင်း ခရစ်တော်လိုက်လံ ဖြေရှင်းခဲ့သည်။** လူသားများ၏အချစ်က ဘယ်သောအခါမျှ မှီနိုင်မည်မဟုတ်သော ချစ်ခြင်းမေတ္တာတော်ကို ပြသရန် ခရစ်တော်ကြွလာခဲ့သည်။ ရန်သူများကို ကယ်တင်ရန် သူ့အသက်ကိုစတေးပစ်ခဲ့၏။ သူ့အသက်ကို သတ်မည့်သူများအတွက် ဆုတောင်းပေးခဲ့သည်။ ကျွန်တော်တို့ ဒဏ်ရာဒဏ်ချက်များဖြင့်ပြည့်၍ အသက်ငင်နေသည့်အချိန်များတွင် သူကျွန်ုပ်တို့ကို အလွန်သနား၏။ အကူညီမဲ့၊ မျှော်လင့်ချက်မဲ့ကာ ပျက်ဆီးမသွားစေရန် ကျွန်ုပ်တို့ကို ကျော်၍ ပစ်မထား။ သူ၏ သန့်ရှင်းမွန်မြတ်သော ပျော်ရွှင်စရာအိမ်တော်တွင် သူ့အတွက် အမှုထမ်းရာတွင် ပျော်မွေ့သော ကောင်းကင်သားများနှင့်အတူ တင့်တယ်သော ဂုဏ်အသရေဖြင့် မနေရစ်ခဲ့ပေ။ ကျွန်ုပ်တို့၏ လိုအပ်ချက်ကို ကြည့်ရှု့ကာ၊ ကျွန်ုပ်တို့ လုပ်ဆောင်ရမည့်အရာကို တာဝန်ယူပေးကာ၊ လူသားများအရေးကို ဂရုစိုက်အလေးထား

ကြောင်း ပြသခဲ့သည်။ သူသည် "ငြိုငြင်သောသူ၊ နားကြဉ်းခြင်းဝေဒနာနှင့် ကျွမ်းဝင်သောသူဖြစ်၏။ ...ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့်၊ နာကျင်စွာ ထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။ငါတို့၏ ငြိမ်သက်ခြင်းချမ်းသာကို ဖြစ်စေသော ဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်၍ သူခံရသော ဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက်ရှိ၏။" (HM, Oct,1, 1897 par. 7)

ခရစ်တော်သည် အမိန့်အာဏာဖြင့် အတင်းအကျပ် မည်သည့်အခါမျှ မခိုင်းသော၊ ပျက်ဆီးသောအရာများကို ပြန်လည်ပြုပြင် ကောင်းမွန်စေသော ဘုရားဖြစ်သည်။

ပရောဖက်ပြုချက်များက ခရစ်တော်၏ နိုင်ငံတော်အကြောင်းကို ရိုးရှင်းစွာဖော်ပြထားပါသည်။ **သူသည် အမိန့်အာဏာကို အသုံးမပြုသော နိုင်ငံတော်ကို တည်ထောင်ရန် စီစဉ်ထား၏။ သူ့နိုင်ငံသားများသည် ဖိနှိပ်ချုပ်ချယ်ခြင်းကို ခံစားသိရှိရတော့မည်မဟုတ်။** လောကီသားများ၏ တိုင်းနိုင်ငံများသည် ရိုင်းစိုင်းသောသားကောင်ကဲ့သို့ ဖြစ်သော်လည်း၊ ခရစ်တော်၏ နိုင်ငံတော်၌ လူသားတို့သည် ရက်စက်ကြမ်းတမ်းသော အာဏာရှင်ကို မြင်ရမည်မဟုတ်။ ဘုရားသခင်၏သိုးသူငယ်ကိုသာ တွေ့မြင်ရကြလိမ့်မည်။ ကြမ်းကြုတ်သော အာဏာရှင်အဖြစ် သူမလာခဲ့။ လူသားအဖြစ်သာ သူလာခဲ့သည်။ သူ့အာဏာတန်ခိုးဖြင့် တိုင်းနိုင်ငံများများကို အနိုင်ယူရန် လာသည်မဟုတ်။ စိတ်နှလုံးကြေကွဲသူများကို နှစ်သိမ့်ရန်၊ စိတ်နှလုံးကြေကွဲသူများအတွက် ဝမ်းမြောက်စရာသတင်းကောင်းကို ဖြန့်ဝေရန် ဖမ်းဆီးခံရသူများကို လွတ်ငြိမ်းချမ်းသာခွင့် ပေးရန်နှင့် ချုပ်နှောင်ခံရသူများအတွက် လွတ်လပ်ခွင့်ပေးရန်၊ စိတ်သောကရောက် သောကရောက်နေသူများကို နှစ်သိမ့်ရန် သူကြွလာခဲ့သည်။ သူသည် နန်းချခံရသော၊ ဖိနှိပ်ချုပ်ချယ်ခံရသော လူသားမျိုးနွယ်အတွက် ကောင်းကင်၏ ကြွယ်ဝသော ကရုဏာတော်ကို ဆောင်ယူပေးရန်၊ အားနည်းဆုတ်ယုတ်လာသော ကျရှုံးလူသားများသည် သူ၏ဖြောင့်

> မတ်ခြင်းတန်ခိုးဖြင့် ဘုရားသခင်၏ မိသားစုဝင်များ ဖြစ်လာနိုင်စေရန်၊ ကြွလာသော ပြန်လည်ပြုပြင် ကောင်းမွန်စေသော ဘုရားဖြစ်သည်။ (RH, Aug 18, 1896, par. 3)

၁၈၈၈ခုနှစ် အဖြစ်အပျက်ကို ကျွန်တော်တို့ မှတ်မိမည်ထင်ပါသည်။ ဘုရားသခင်၏ စာရိတ္တတော်နှင့် ဆက်စပ်နေပါသည်။

> ကန်းဇာတ်(စ်)အစီးအဝေးတွင် ကျွန်မ၏ ဆုတောင်းချက်မှာ ရန်သူ၏ လွှမ်းမိုးမှုများ ပျက်သုန်းစေရန်၊ **မှောင်မိုက်ထဲ ရောက်နေသူများသည် ဘုရားသခင်ပေးပို့သော သတင်းစကားအတွက် သူတို့စိတ်နှလုံးကို ဖွင့်ထားနိုင်စေရန်၊ ထိုသို့ဖွင့်ထားခြင်းအားဖြင့် ဟိုးကတည်းက ရှိနှင့်ပြီးသော အမှန်တရားဖြစ်သော်လည်း အများအတွက် အသစ်ဖြစ်နေသော အမှန်တရားကို သူတို့မြင်နိုင်စေရန်တို့ ဖြစ်သည်။ ဘုရားသခင့် လူတို့၏ နားလည်နိုင်စွမ်း ကန်းလျက်ရှိ၏။ အကြောင်းမှာ စာတန်က ဘုရားသခင်၏ စာရိတ္တတော်ကို လွဲမှားစွာ ပုံဖော်ထင်ရှားစေခဲ့သောကြောင့်ဖြစ်သည်။ အမှန်တရားကို ရှာဖွေနေကြသော လူသားများ၊ ဘုရားသခင်၏ ဘုန်းတော်ကို သူတို့အမြင်တွင် မမြင်နိုင်လေအောင် ဖုံးအုပ်ထားသော တိမ်စိုင်များကို ဖယ်ရှားမပစ်နိုင်သောကြောင့် ဘုရားသခင်ကို လွဲမှားသော အလင်းအဖြင့် မှတ်ယူကြသူများ၊ စာတန်၏ စရိုက်များဖြင့် ဖုံးအုပ်ခံနေရသော လူသားများအတွက် သူတို့ရှေ့တွင် ကျွန်ုပ်တို့၏ ကောင်းမြတ်သော ကရုဏာရှင်သခင်သည် ရပ်နေတော်မူပြီ။** အများစုသည် သံသယစိတ်ဖြင့် အသက်ရှင်နေကြပြီး၊ သူတို့ရှေ့မှောက်၌ ခရစ်တော်ယူဆောင်လာသော သတင်းစကား၊ မျှော်လင့်အချက်သည် ဆုပ်ကိုင်ထားရန် မဖြစ်နိုင်လောက်အောင် ခက်ခဲသောအရာသဖွယ် သူတို့မှတ်ယူကြသည်။ (FH July 23, 1889)

အောက်တွင်ဖော်ပြထားသော အဆိုပြုကိုးကားချက်သည် စုစည်းဖော်ပြခဲ့ပြီးသော ကိုးကားချက်အားလုံးကို နိဂုံးချုပ်ရန် အသင့်ဆော်ဆုံးသော ကိုးကားချက်ဖြစ်သည်။ ခရစ်တော်သည် ဖျက်ဆီးသူမဟုတ်။ သူထိသောအရာတိုင်းသည် အကောင်းဘက်သို့ တိုးတက်ကြီးပွားစမြဲဖြစ်သည်။ ဟာလေလုယာ။

> သူ့အသက်တာအားဖြင့်ဖြစ်စေ၊ သူ့သွန်သင်ချက်များအားဖြင့်ဖြစ်စေ ခရစ်တော်ပေးခဲ့သော သင်ခန်းစာအားလုံးသည် ဂရုတစိုက် လိုက်နာကျင့်သုံးရန်ဖြစ်သည်။ သူသည် ဖျက်ဆီးသောသူမဟုတ်။ သူထိသောအရာတိုင်းသည် အကောင်းဘက်သို့ တိုးတက်ကြီးပွား စမြဲဖြစ်သည်။ (E.G.W Letter 135, 1897 (ISM, 118)

# ဤကမ္ဘာလောကကြီးအတွက် ခရစ်တော်၏မစ်ရှင်

"ခရစ်တော်သည် ဘုရားသခင်၏ အကျင့်စာရိတ္တတော်ကို ချီးမြောက်တော်မူခဲ့သည်။ ချီးမွမ်းသည်။ **လောကကြီးအတွက် သူဦးတည်ရည်ရွယ်ချက်ဖြစ်သော ဘုရားသခင်ကို ထင်ရှားပြသခြင်းအားဖြင့် လူသားများကို အမှားမှ အမှန်သို့ ပဲ့ပြင်ကာ၊** အရာအားလုံးအတွက် ခမည်းတော်ကို မူလပိုင်ရှင်၊ ပဲ့ကိုင်သူအဖြစ် အသိအမှတ်ပြုခဲ့သည်။ **ခမည်းတော်၏ တုနှိုင်းမဲ့ ပြီးပြည်စုံခြင်းနှင့် မိဘကဲ့သို့သော ကရုဏာကျေးဇူးတော်ကို လူသားများရှေ့တွင် ခရစ်တော်၏ အသက်တာအားဖြင့် ပြသခဲ့သည်။** ကားတိုင်တင်မခံမီ၊ ဆုတောင်းချက်တွင် ခရစ်တော်က "အကျွန်ုပ်သည် ကိုယ်တော်၏ နာမကိုပြပါပြီ။"ဟု ပြောခဲ့၏။ **အကျွန်ုပ်သည် မြေကြီးပေါ်မှာ ကိုယ်တော်ကို ဘုန်းထင်ရှားစေပါပြီ။ အကျွန်ုပ်ဆောင်ရွက်စရာအဖို့ အကျွန်ုပ်၌ အပ်ပေးတော်မူသောအမှုကို အကျွန်ုပ်ဆောင်ရွက်၍ ပြီးပါပြီ။" သူ့အမှုတော်၏ ဦးတည်ချက် (ဘုရားသခင်ကို မြေကြီးပေါ်မှာ ဘုန်းထင်ရှား စေခြင်း) ပြီးမြောက်သောအခါ ဘုရားသခင်၏ သားတော်သည် သူ့အမှုပြီးမြောက် အောင်မြင်ပြီ၊ ခမည်းတော်၏ စာရိတ္တတော်သည် လူသားများထံ ထင်ရှားလေပြီဟု ကြွေးကြော်တော်မူ၏။** (ST January 20, 1890, par. 9)

Maranathamedia-Myanmar.com